# မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရေလဲဖီးတောအုပ်စု

# ဘုံတာကျေးရွာ



## ကျေးရွာလက်စွဲစာအုပ်

CamScanner

# မှတ်တမ်းတင်ဂုဏ်ပြုလွှာ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းတွင် တည်ရှိပြီး ရပ်ကွက်(၁၅)ရပ်ကွက်၊ ကျေးရွာအုပ်စု (၅၅)အုပ်စု၊ ကျေးရွာပေါင်း(၂၆၄)ရွာရှိပြီး အကျယ်အဝန်း အားဖြင့် (၄၈၅.၈၅) စတုရန်းမိုင်ရှိပါသည်။ မြို့နယ်အတွင်း အစိုးရဆည်/ကန်(၆)ခုနှင့် ဒေသန္တရဖွံ့ဖြိုးရေး ဆည်/ကန်(၃)ခု၊ လျှပ်စစ်/ဒီဇယ်မြစ်ရေတင် ( , )ခုရှိပါသည်။ ၁၀ နှစ် ပျမ်းမျှမိုးရွာရက် (၄၅) ရက်နှင့် မိုးရေချိန်(၂၆.၁၄) လက်မသာရှိ၍ ပူပြင်းခြောက်သွေ့သောဒေသဖြစ်သဖြင့် နွေရာသီတွင် သောက်သုံးရေရှားပါးသည့် ဒေသဖြစ်ပါသည်။ မြို့ပြတွင် စက်ရေတွင်း (၃၈၅၂)တွင်း၊ လက်တူးတွင်း (၂၇၁၈)တွင်း၊ သောက်ရေကန်(၄၁)ကန်၊ ကန်တော်ကန်(၁)ကန်၊ ကျေးလက်တွင် စက်ရေတွင်း (၁၂၉) တွင်း၊ လက်တူးတွင်း (၁၅၂၃)တွင်း၊ ရေကန်(၉၀)ကန်နှင့် တုံကန်ရေတွင်း (၆၂၃၀)တွင်းရှိပါသည်။

မြို့နယ်၏လူဦးရေ ၂၀၁၄ ခုနှစ် မေလကုန်အထိ(၂၉၂၃၈၆)ဦး မြို့ပြလူဦးရေ(၈၃၄၂၅)ဦး ၂၈.၅ရာခိုင်နှုန်း နှင့် ကျေးလက်နေလူဦးရေ(၂၀၈၉၆၁)ဦး ၇၁.၅ရာခိုင်နှုန်း နေထိုင်ကြပြီး ဆင်းရဲမှုရာခိုင်နှုန်းအနေဖြင့် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် မြို့နယ်လူဦးရေ၏(၂၇.၀)ရာခိုင်နှုန်းရှိပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် မြို့နယ်လူဦးရေ၏ (၁၅.၀)ရာခိုင်နှုန်း ဖြစ်ပေါ်ရန်မျှော်မှန်းထားပါသည်။

နိုင်ငံတော်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစီမံချက်အရ -

(၁) လယ်ယာကုန်ထုတ်မှုဖွံ့ဖြိုးတိုးတက်ရေး

(၂) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး

(၃) ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

(၄) အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

(၅) သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

(၆) ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး

(၇) ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး

(၈) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့(NGO)များ၊ နိုင်ငံတကာအစိုးရမဟုတ်သောအသင်းအဖွဲ့(INGO)များ၊ ပြည်သူများပူးပေါင်းပါဝင်လျက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ပခုက္ကူမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ NGO, INGO အဖွဲ့များ၏

CamScanner

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစီမံချက်များ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှု အရှိန်အဟုန်ရရှိနေသည်ကို မြင်တွေ့နေရပြီး ဖြစ်ပါသည်။

ထို့ကြောင့် ဤကျေးရွာလက်စွဲစာအုပ်သည် ပခုက္ကူမြို့နယ်ရှိ လူဦးရေ(၇၁.၅)ရာခိုင်နှုန်း မှီတင်းနေထိုင်သော ကျေးလက်ဒေသနှင့် လူဦးရေ(၂၈.၅)ရာခိုင်နှုန်းနေထိုင်သော မြို့ပေါ်ရပ်ကွက်တို့၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူကိုဗဟိုပြုသော ချဉ်းကပ်လုပ်ဆောင်နည်းလမ်းစဉ်ဖြင့် ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေ ရှိရေး၊ စိုက်ပျိုးရေးတိုးတက်ကောင်းမွန်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နှင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးစသည့် လုပ်ငန်းများကို ရေတို၊ ရေလတ်၊ ရေရှည်လုပ်ငန်းစဉ်များ ချမှတ်အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးမားစွာအထောက်အကူပြုမည်ဟု ယုံကြည့်မျှော်လင့်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
(အောင်နိုင်ဦး၊ ပ/ ၅၄၀၁)
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပခုက္ကူမြို့။

မာတိကာ


(၁) မိတ်ဆက်

(၂) မြို့နယ်အုပ်ချုပ်ရေးမှူး၏ မှတ်တမ်းတင်ဂုဏ်ပြုလွှာ

(၃) ကျေးရွာအုပ်ချုပ်ရေးမှူး၏ အတည်ပြုထောက်ခံချက်မှတ်တမ်း

(၄) ကျေးရွာ၏ အခြေခံသတင်းအချက်အလက်အနှစ်ချုပ် ၁ - ၅

(၅) မြေပုံများ ရေးဆွဲရခြင်း ရည်ရွယ်ချက် ၆ - ၉

(၆) ကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ

(၇) ကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ အစီရင်ခံစာနှင့် အစည်းအဝေးမှတ်တမ်း ၁၀- ၁၂

(၈) ကျေးရွာ၏ ရာသီခွင်ပြဇယား

(၉) ကျေးရွာ၏ ရာသီခွင်ပြဇယားအစီရင်ခံစာနှင့် အစည်းအဝေးမှတ်တမ်း ၁၃ - ၁၅

(၁၀) ကျေးရွာ၏ ထူးခြားဖြစ်စဉ်ပြဇယား

(၁၁) ထူးခြားဖြစ်စဉ်ပြဇယား၏ အစီရင်ခံစာနှင့် အစည်းအဝေးမှတ်တမ်း ၁၆ - ၁၇

(၁၂) ကျေးရွာ၏ အမျိုးသမီးအခြေအနေသုံးသပ်ချက်စက်ဝိုင်း

(၁၃) ကျေးရွာ၏ အမျိုးသမီးအခြေအနေ အစီရင်ခံစာနှင့် အစည်းအဝေးမှတ်တမ်း ၁၈ - ၂၀

(၁၄) ကျေးရွာ၏ အလုပ်အကိုင်ရှားပါးခြင်း ပြဿနာသစ်ပင်

(၁၅) ကျေးရွာ၏ အလုပ်အကိုင်ရှားပါးခြင်း ပြဿနာသစ်ပင်အစီရင်ခံစာနှင့် အစည်းအဝေးမှတ်တမ်း ၂၂ - ၂၃

(၁၆) ကျေးရွာ၏ အလုပ်အကိုင်ရှားပါးခြင်း ပြဿနာ ဖြေရှင်းပုံ

(၁၇) ကျေးရွာ၏ အလုပ်အကိုင်ရှားပါးခြင်း ပြဿနာ ဖြေရှင်းပုံ အစီရင်ခံစာ

(၁၈) ကျေးရွာ၏ ကမ်းပါးပြိုခြင်း ပြဿနာသစ်ပင်

(၁၉) ကျေးရွာ၏ ကမ်းပါးပြိုခြင်း ပြဿနာသစ်ပင် အစီရင်ခံစာနှင့် အစည်းအဝေးမှတ်တမ်း ၂၅ - ၂၆

(၂၀) ကျေးရွာ၏ ကမ်းပါးပြိုခြင်း ပြဿနာသစ်ပင် ဖြေရှင်းပုံ

(၂၁) ကျေးရွာ၏ ကမ်းပါးပြိုခြင်း ပြဿနာသစ်ပင် ဖြေရှင်းပုံအစီရင်ခံစာ ၂၇

(၂၂) ကျေးရွာ၏ အိမ်မက်မြေပုံ

(၂၃) ကျေးရွာ၏ အိမ်မက်မြေပုံ အစီရင်ခံစာနှင့် အစည်းအဝေးမှတ်တမ်း ၂၈ - ၂၉

(၂၄) ကျေးရွာ၏ လိုအပ်ချက်အကောင်အထည်ဖော်ဇယား

(၂၅) ကျေးရွာ၏ လိုအပ်ချက်အကောင်အထည်ဖော်ဇယား အစည်းအဝေးမှတ်တမ်း ၃၀


CamScanner

# မိတ်ဆက်

ဤကျေးရွာလက်စွဲစာအုပ်သည် မိမိတို့ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ပညာရေး၊အခြေအနေ အရပ်ရပ်တို့နှင့် သဘာဝဘေးအန္တရာယ်အတွေ့အကြုံများ၊ ထိခိုက်ခဲ့ရမှုများကို ရွာသူရွာသားတို့ ကိုယ်တိုင်ကျေးရွာအတွင်းစကားဝိုင်းဆွေးနွေးပွဲများမှ ထွက်ပေါ်လာခဲ့သောအကြောင်းအရာများကို မှတ်တမ်းတင်ထားခြင်းဖြစ်ပြီး၎င်းအချက်အလက်များကိုအခြေခံ၍မိမိတို့ကျေးရွာတိုးတက်ဖွံ့ဖြိုးလာစေရန်လိုအပ်ချက်များကိုသတ်မှတ်ဖော်ထုတ်ကာမည်ကဲ့သို့ရရှိအောင်ကြံဆောင်လုပ်ကိုင်နိုင်ကြမည်ဟူသောလိုအပ်ချက်များအကောင်အထည်ဖော်ဆောင်ရွက်ရေးအစီအစဉ်ကိုရေးဆွဲကြခြင်းဖြစ်သောကြောင့်မိမိတို့ကျေးရွာ၏ ရည်မှန်းချက်ပန်းတိုင်ကိုသတ်မှတ်ဖော်ထုတ်ထားသောအစီအစဉ်များဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

ဤကျေးရွာလက်စွဲစာအုပ်မှတ်တမ်း ပေါ်ထွက်လာစေရန်အတွက် အဓိကကူညီပံ့ပိုးကာ အချက်အလက်များကို ကျေးရွာအတွင်းစကားဝိုင်းနှင့်ဆွေးနွေးပွဲများပြုလုပ်ကာမှတ်တမ်းပြုစုသူများမှာလည်း ဤကျေးရွာမှပင်ဖြစ်ကာယခုကဲ့သို့မှတ်တမ်းပြုစုနိုင်ရန်အတွက်လည်း ActionAid (INGO) အဖွဲ့မှသင်တန်းတက်ရောက်ခဲ့ပါသည်။

ထို့ကြောင့်ကျေးရွာလက်စွဲစာအုပ်သည် သဘာဝဘေးအန္တရာယ်များကို မည်ကဲ့သို့ကြိုတင်ကာကွယ်ရမည်၊ ထိခိုက်မှုကိုမည်ကဲ့သို့လျှော့နိုင်သည် အစရှိသည့်နည်းလမ်းများကို လုပ်ဆောင်လာနိုင်ရန်လမ်းညွှန်မှုများကိုလည်း ပြုလုပ်နေပါသောကြောင့် သဘာဝဘေးကြောင့် မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့တွင်ထိခိုက်ဆုံးရှုံးရမှုများကိုလျှော့နည်းသက်သာစေမည်လည်းဖြစ်ပါသည်။

ဤကဲ့သို့တစ်ရွာလုံး၏ အတွေ့အကြုံဗဟုသုတနှင့် သဘောထားဆန္ဒတို့ကိုတစ်နေရာတည်း၌ စုစည်းတင်ပြထားသောကြောင့် အလွယ်တကူဖတ်ရှု၍ သိရှိနိုင်ကာရေရှည်၌မိမိတို့၏ တစ်ဦးချင်း၊ မိသားစုနှင့်တစ်ရွာလုံးအတိုင်းအတာအရ တိုးတက်ဖွံ့ဖြိုးရေးတွင် အနှောက်အယှက် အန္တရာယ်တို့ လျော့နည်းကာ တစ်ရွာလုံးမှသည် ဒေသတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ရည်သန်ကာ မှတ်တမ်းပြုစုတင်ပြအပ်ပါသည်။

ဦးအောင်မင်းနိုင်

ညှိနှိုင်းရေးတာဝန်ခံ

(အပူပိုင်းဇုံဒေသစီမံကိန်း)

အက်ရှင်အေ့ဒ်(မြန်မာ)

အုပ်ချုပ်ရေးမှူးရုံး
စာအမှတ်..................
ရက်စွဲ..................

## ကျေးရွာအုပ်ချုပ်ရေးမှူး၏ အတည်ပြုထောက်ခံချက် မှတ်တမ်း

ဤမှတ်တမ်းပါ အကြောင်းအရာ အချက်အလက်များသည် ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏ လိုအပ်ချက်များနှင့် ဖြေရှင်းနည်းလမ်းများ ဖြစ်ပါသည်။ ယခုကဲ့သို့ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အနေဖြင့် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ဆောင်ရန်လိုအပ်နေမှုများကို သေသေချာချာ နားလည်သဘောပေါက်လာခဲ့ပြီး တိကျရှင်းလင်းသောအဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင် ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါ အချက်အလက်များသည် ယခင်နှင့် ယခုနှိုင်းယှဉ်ပြ၍ သင်ခန်းစာယူစရာများ၊ ကြိုတင်သတိမူစရာများနှင့် ပိုမိုကောင်းမွန်သော နည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူ/သားများကိုယ်တိုင် တတ်သိပညာရှင်များနှင့်လည်းကောင်း၊ မိမိတို့ဒေသတွင်းရှိ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေး အာဏာပိုင် အဖွဲ့အစည်းများနှင့်လည်းကောင်း ပိုမို၍ အားသွန်ခွန်စိုက် ပူးပေါင်းပါဝင် ဆောင်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည်လည်း ဖြစ်ပါသည်။

အထူးမှာ ယခုကဲ့သို့ ကျေးရွာသူ/သားများ စုစည်းညီညာစွာ တိုင်ပင်နှီးနှော၍ ဆွေးနွေးဆုံးဖြတ်ကြပါသောကြောင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးကို အမှားအယွင်းနည်းစွာဖြင့် ရေတိုရော ရေရှည်မှာပါ ပို၍ ထိရောက်အောင်မြင်မှာ မလွဲသေချာပါ။

ထို့ပြင် မှတ်တမ်းတင်ဂုဏ်ပြုထိုက်သူမှာ ဤမှတ်တမ်းကို တိကျသေချာ အကျိုးရှိအောင် ကျိုးစားဖော်ထုတ် လုပ်ကိုင်ပေးကြသော ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး အကျိုးဆောင်လူငယ် ကိုနိုင်ဝင်း၊ ကိုအေးနိုင်ဝင်း၊ ကိုဖုံးဝယ်နှင့် ကျေးရွာသူ/သားများ၊ ကျေးရွာ ရပ်မိ/ရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တတ်သိပညာရှင်များပင် ဖြစ်ပါတော့သည်။

ဦးဌေးဝင်း
ကျေးရွာအုပ်ချုပ်ရေးမှူး
ဘုံတာကျေး[illegible]တော)အုပ်စု
ပခုက္ကူမြို့နယ်။

## မြေပုံများရေးဆွဲရခြင်း၏ ရည်ရွယ်ချက်

လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ ရေးဆွဲရခြင်း ရည်ရွယ်ချက်

á ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် လူဦးရေ၊ အိမ်ခြေ၊ မိသားစုများ၏ ထိခိုက်လွယ်သူများ နေထိုင်ရာနေရာနှင့်တကွ မှတ်တမ်းတင်နိုင်ရန်။ (သက်ကြီးဦးဆောင်သောအိမ်၊ အမျိုးသမီး ဦးဆောင်နေသောအိမ်၊ မသန်စွမ်းရှိသောအိမ် စသည်ဖြင့်)

á ကျေးရွာ၏ လမ်းတံတား၊ အဆောက်အဦး၊ သောက်သုံးရေရရှိနိုင်မှု အနေအထားများ။

á ကျေးရွာ၏ စိုက်ပျိုးမြေနှင့် မြေယာပိုင်ဆိုင်မှု၊ သစ်တောနှင့် သဘာဝအရင်းအမြစ်များရရှိမှုနှင့် အသုံးပြုနိုင်မှု။

á ကျေးရွာ၏ တည်နေရာနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင် နေမှုများ၊ လူမှု/စီးပွားအခြေအနေ။

á ကျေးရွာ၏ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ဖွယ်ရှိသော နေရာများအား သတ်မှတ်ဖော်ထုတ်နိုင်ရန်နှင့် ကြိုတင်ကာကွယ်ခြင်းနှင့် ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ရန်။

ရာသီခွင်ပြဇယား ရေးဆွဲရခြင်း ရည်ရွယ်ချက်

á ကျေးရွာအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာနှင့် ပိုးမွှားရောဂါများ ကျရောက်မှု၊ အလုပ်အကိုင် အခွင့်လမ်းများ ရရှိနေမှုကို သိရှိနိုင်ရန်။

á ကျေးရွာ၏ ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးအန္တရာယ် ကျရောက်တတ်သော လများ (မိုးကြီး၊ မိုးခေါင်၊ ရေရှား၊ မီးဘေး စသည်ဖြင့်) သိရှိနိုင်ကြရန်နှင့် ကြိုတင်ပြင်ဆင်၊ ကာကွယ်နိုင်ကြရန်။

á လူမှုရေးနှင့် ဘာသာရေးပွဲတော်များ ကျင်းပနိုင်မှုအခြေအနေကို မှတ်တမ်းတင်၍ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ မပျောက်ပျက်စေရန် ထိန်းသိမ်းနိုင်ရေး။
လအလိုက် ဝင်ငွေထွက်ငွေကို လုပ်ငန်းအမျိုးအစားအလိုက် တွက်ချက်သိရှိပြီး ထွက်ငွေနှင့် ဝင်ငွေ မမျှတမှုကို နည်းလမ်းရှာ၍ ဖြေရှင်းနိုင်ရန်။

ထူးခြားဖြစ်စဉ်ပြဇယား ရည်ရွယ်ချက်

á ထူးခြားစွာဖြင့် မိမိရပ်ရွာသူ/သားများကို အခက်အခဲအကြပ်အတည်းတွေ့စေခဲ့သော ခုနှစ်များကို သက်ကြီးစကား သက်ငယ်ကြားဖြင့် ဖော်ထုတ်မှတ်တမ်းတင်ခြင်းဖြင့် မျိုးဆက်နှစ်ဆက်သုံးဆက်အလွန်ကာလနှင့် ယခုကာအထိ အခက်အခဲအကြပ် အတည်းများကို သိရှိလာစေပြီး နောင်အခါတွင် ၎င်းအခက်အခဲမျိုး ဖြစ်ပေါ်နိုင်ခြေကို သတိရှိသွားပြီး ကြိုတင်ပြင်ဆင် ကာကွယ်မှု လုပ်ဆောင်နိုင်စေရန်။

CS CamScanner

á အထူးအားဖြင့် လူအများစုအား အတိဒုက္ခရောက်စေခဲ့သော ကြီးမားသည့် သဘာဝဘေး အန္တရာယ်ထိခိုက်ခဲ့ရမှုများနှင့် လူတို့က ဖန်တီးခဲ့သော ဘေးအန္တရာယ်များကြောင့် ရပ်ရွာသူ/သားများ အခက်အခဲအကြပ်အတည်း ဖြစ်ပေါ်ခဲ့ရမှုများကို သင်ခန်းစာရယူနိုင်ရန်နှင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန်အသိများ ရရှိစေရန်။

á အပြောင်းအလဲဖြစ်ပေါ်တိုးတက်မှုသည် “အကောင်း” “အဆိုး” ဒွန်တွဲနေနိုင်သည်ကို သင်ခန်းစာ ရရှိစေရန်။

á အပူပိုင်းဇုံဒေသသည် မိုးခေါင်ခြင်း သီးနှံများပျက်စီးဆုံးရှုံးရမှု၊ သောက်ရေနှင့် စိုက်ပျိုးရေ အခက်အခဲဖြစ်ရခြင်းနှင့် စားနပ်ရိက္ခာအခက်အခဲဖြစ်ရခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို နှောက်နှေးစေသော အချက်သည် သာမန် ဖြစ်ရိုးဖြစ်စဉ်ဟု အမြင်ရှိနေသော မျိုးဆက်သစ် အသက်အရွယ်ငယ်ရွယ်သူများက ထင်မှတ်နေမှုကို ယခင်ကလည်း ကြုံဖူးသည်ဟူသော ထင်ရှားသော သတိပေးမှုကြောင့် ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းနည်းလမ်းများကို ရှာဖွေ၍ ရပ်ရွာ၏ မိုးခေါင်မှု၊ ရေကြီးမှု၊ သီးနှံဖျက်ပိုးဒဏ်၊ မြေဆီလွှာပျက်စီးမှု၊ လမ်းပန်းဆက်သွယ်ရေး မကောင်းရမှု၊ ပညာရေးနှောက်နှေးရမှု၊ သတင်းဆက်သွယ်ရေး,အခက်အခဲ စသည်တို့သည် ဆင့်ကဲဖြစ်စဉ်များအဖြစ် ရပ်ရွာလူထုအား ပိုမိုဆင်းရဲမှု အခက်အခဲကို ဖြစ်ပေါ်စေနေသည့်ကို ထင်ရှားသိစေရန်။

အမျိုးသမီးဆိုင်ရာ သုံးသပ်ချက် ရေးဆွဲရခြင်း ရည်ရွယ်ချက်

á အမျိုးသမီး သက်ငယ်/သက်ကြီး (ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်)တို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေတို့ကို မှတ်တမ်းပြုစုနိုင်ပြီး အခက်အခဲများအား ကျော်လွှားလာနိုင်ကာ မိသားစုနှင့်ရပ်ရွာကို ဦးဆောင်နိုင်မှု အခွင့်အလမ်းနှင့် စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာစေရန်။

á “ပုခက်လွှဲသောလက်သည် ကမ္ဘာကို ကိုင်လှုပ်နိုင်သော ခွန်အားနှင့်စွမ်းရည် အပြည့်အဝ ရှိသည်” ဆိုသည့် ဆိုရိုးစကားအား ပိုမိုကျယ်ပြန့်စွာ အသိအမှတ်ပြုလာနိုင်စေရန်။

á ကျား၊ မ တန်းတူညီမျှမှုရှိရေး ရပ်ရွာမှ သိမြင်လက်ခံလာပြီး ခွဲခြားဆက်ဆံမှု ပပျောက်နိုင်ရန်၊ ညီမ၊ အစ်မ၊ အဖွား၊ အဒေါ်တို့သည် ညီ၊ အစ်ကို၊ အဖေ၊ အဖိုး၊ ဦးရီးတို့နှင့် အတူတူပင် စွမ်းဆောင်ရည်များ ပြည့်ဝကြောင်း ထင်ရှားသိလာကြစေရန်။

CS CamScanner

ကျေးရွာ၏ ပြဿနာသစ်ပင်ရေးဆွဲခြင်း ရည်ရွယ်ချက်

- ကျေးရွာ၏ အခက်အခဲပြဿနာများ ဖြစ်ရခြင်းအကြောင်းအရင်းများကို သတ်မှတ်ဖော်ထုတ်ပြီး အကိုင်းအခက်များသဖွယ် ဖြာထွက်လာသော အကျိုးဆက်များနှင့် လက်ရှိပြဿနာ အသီးအပွင့်များကို သိရှိနားလည်လာပြီး ၎င်းပြဿနာ သစ်ပင်ပေါက်ပွားမှုအား မျိုးသုန်းပျောက်ကွယ်သွားအောင် အမြစ်၊ အပင်၊ အကိုင်း၊ အသီးအပွင့်နှင့် မျိုးစေ့များကို ဖယ်ရှားသုတ်သင်နိုင်လာနိုင်စေရန်။
- ဤနည်းသည် မြန်မာစကားပုံပါ "ပေါက်ပင်ဘာကြောင့် ကိုင်းရတယ်"ဟူသော အကြောင်းအကျိုးပြ ရှင်းလင်းအဖြေရှာခြင်းနှင့် ဆင်တူပါသည်။
- "သတိမမူ ဂူမမြင်" ဟူသော အဆုံးအမအတိုင်း သတိမမူမိခဲ့သော ပြဿနာအခက်အခဲများသည် သစ်ပင်သဖွယ် ရှင်သန်ကြီးထွားနေမှုအား ရပ်တန့်ရန် (သို့) သတိမမူမိခဲ့သောလည်း မဖြေရှင်းနိုင်လောက်အောင် ပြဿနာကြီးမားနေမှုကို ရှင်းလင်းစွာ သိရှိကြပြီး တတ်သိပညာရှင်များနှင့် ပူးပေါင်းကာ နည်းလမ်းရှာ သုတ်သင်နိုင်လာစေရန်။

  ပြဿနာအခက်အခဲများကို အရေအတွက်နှင့် ပမာဏအားဖြင့် များပြားကြီးမားသောကြောင့် တစ်ခုနှင့်တစ်ခု ဆက်နွယ်ကာ ပိုမိုရှုပ်ထွေးသော ပြဿနာသစ်ပင်များ စုစည်းပေါ်ပေါက်နေမှုသည် ဆင်းရဲမှုကို ပိုမိုဖြစ်ပေါ်နေစေကြောင်း သိသာထင်ရှားလာစေရန်။
- "သို့သော် အနာသိက ဆေးရှိသည်" ဟူသော လောကဓမ္မတာအတိုင်း အနာကိုအတိအကျသိရှိလာနိုင်စေရန်နှင့် ပျောက်ကင်းအောင်ကုသရန် ဆေးညွှန်းကို တိကျစွာဖော်စပ်လာနိုင်စေရန်။

ပြဿနာဖြေရှင်းမှု စက်ကွင်းရေးဆွဲဖော်ထုတ်ရခြင်း၏ ရည်ရွယ်ချက်

- ပြဿနာသစ်ပင်များကို ရေးဆွဲဖော်ထုတ်သတ်မှတ်ပြီးနောက် တစ်ဆက်တည်းဖြေရှင်း အဖြေရှာမှုကိုပါ ဆက်တိုက်လုပ်ဆောင်ခြင်းအားဖြင့် ကျေးရွာသူ/သားများ၏ အတွေးအမြင်၌ မဖြစ်နိုင်ဟူသော သံသယသည် ကင်းစင်ပပျောက်စေပြီး ပိုမိုစိတ်အားထက်သန်ကာ "လိုလျှင်ကြံဆ နည်းလမ်းရ"ဟူသော ဆောင်ပုဒ်အတိုင်း အများနှင့်အတူ ဆွေးနွေးတိုင်ပင်ကာ နည်းလမ်းများကို ကြံဆနိုင်စေရန်။
- ၎င်းနည်းလမ်းများသည် တစ်ယောက်အားဖြင့်ယူသော်မရ အများအားဖြင့်ယူသော်ရ၏ ဟူသော လမ်းညွှန်ဆုံးမှုအတိုင်း မိမိမသိသည်ကို သိသူက၊ မိမိမစွမ်းနိုင်သည်ကို စွမ်းနိုင်သူက၊ မိမိမလုပ်နိုင်သည်ကို လုပ်နိုင်သူက တာဝန်ယူကာ ဖြေရှင်းမည့် နည်းလမ်းများပေါ်ထွက်လာစေရန်။

CamScanner

á ယခုကဲ့သို့ အခက်အခဲပြဿနာများသည် ရပ်ရွာအတွက် ဆင်းရဲမှုဟူသော ဝန်တုတ်ဝန်ပိုးသည် ဆွဲအားအောက်သို့ သက်ရောက်မှုကို ဖြစ်ပေါ်စေရာမှ နည်းလမ်းများတည်းဟူသော မိုးပျံပူပေါင်းများက ဆွဲမလိုက်၍ အောက်ဆွဲအားကို ဆန့်ကျင်ဖယ်ရှားလျက် အထက်သို့ ပေါ့ပါးစွာရုန်းထွက် ပျံတက်သွားနိုင်ပုံကို ဥပမာတင်စား၍ ရှင်းလင်းအဖြေရှာ တင်ပြခြင်းဖြင့် နားလည်စေခြင်း။

á "ဆင်းရဲမှု"နှင့် "ဆင်းရဲမှုမှ လွတ်မြောက်မှု" အားပြိုင်ဆွဲငင်ကြသောကြောင့် အားသက်ရောက်မှု စက်ကွင်းဟု ခေါ်ဝေါ်သုံးနှုန်း၍ အားထုတ်ရမည်ဟူသော အသိကို ရရှိစေခြင်း။

အိမ်မက်မြေပုံရေးဆွဲရခြင်း ရည်ရွယ်ချက်

á အိမ်မက်မြေပုံသည် ကျေးရွာနှင့် ရွာသူရွာသားတို့ လူမှုစီးပွားအခြေအနေအရပ်ရပ်များကို မည်ကဲ့သို့မြင်တွေ့လိုပါကြောင်း ရွာသူရွာသားတို့၏ဆန္ဒနှင့် သဘောထားတို့ကို ထင်ဟပ်သော အနာဂတ်မျှော်မှန်းချက်များ၏ ပုံသဏ္ဍာန်ဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် အေးချမ်းသာယာမှုကို ရွာသူရွာသားများကိုယ်တိုင် ပုံဖော်ကြည့်မည့် အစီအစဉ်များအား အဓိကထား၍ မျှော်မှန်းကာ အနာဂတ်ကို အလှပဆုံးနှင့် အဓိပ္ပာယ်အရှိဆုံးဖြစ်လာရန် ပဏာမခြေလှမ်းပင် ဖြစ်ပါတော့ သည်။

ကျေးရွာ၏ လိုအပ်ချက်အကောင်အထည်ဖော် ဇယားရေးဆွဲရခြင်း ရည်ရွယ်ချက်

á လက်တွေ့အကောင်အထည်ဖော်မည့် အစီစဉ်သည် ကျေးရွာ၏ လိုအပ်ချက်များ ဦးစားပေး လုပ်ဆောင်ရန် အစီအစဉ်နှင့် အနာဂတ်ကျေးရွာအိမ်မက်များကို အမှန်တကယ်ရရှိလာရန် အတွက် တိကျသေချာသော တာဝန်ခွဲဝေယူမှုနှင့် မည်သို့လုပ်ဆောင်မည်၊ မည်သူကလုပ် ဆောင်မည်နှင့် မည်သည့်အချိန်တွင် လုပ်ဆောင်ကြမည်များကို ကျေးရွာသူ/သားများကို ကိုယ်တိုင်တာဝန်ခွဲဝေ သတ်မှတ်ကြခြင်း ဖြစ်ပါသည်။

## ကျေးရွာ၏ အခြေခံသတင်းအချက်အလက် အနှစ်ချုပ်

ပခုက္ကူမြို့နယ်၊ (ရေလဲဇီးတော)အုပ်စု၊ ဘုံတာကျေးရွာ

၁။ လူဦးရေ -

(၁၈)နှစ်အောက် ကျား - ၅၆၊ မ - ၇၈၊ စုစုပေါင်း - ၁၃၄

(၁၈)နှစ်အထက် ကျား - ၁၅၅၊ မ - ၁၉၄၊ စုစုပေါင်း - ၃၃၉

၂။ မြေသယံဇာတ

ယာ - ၄၀ ၊ ကိုင်းကျွန် - ၁၅၀

စုစုပေါင်း - ၁၉၀

၃။ လယ်ယာလုပ်ငန်းသုံး ခိုင်းကျွဲ၊ နွားနှင့် စက်ကိရိယာ

(က) ခိုင်းနွား - ၆၊ စုစုပေါင်း - ၆

(ခ) ထွန်စက်အကြီး - မရှိ၊ လက်တွန်းထွန်စက် - ၄

(ဂ) ချွေလှေ့စက် - မရှိ၊ ကောက်ရိတ်ကိရိယာစသည့် - မရှိ

၄။ လူအင်အားအရင်းအမြစ်

(က) သင်ယူပြီးစီးမှု

- ဘွဲ့ရဦးရေ - [illegible] ယောက်

- အခြေခံပညာသင်ပြီးစီးမှု (၁၀-တန်းအောင်) - ၅ ယောက်

(ခ) ပညာသင်ယူဆဲဦးရေ

- ကောလိပ် + သိပ္ပံ ၃ ယောက်

- အထက်တန်းအဆင့် ၉ ယောက်

- အလယ်တန်းအဆင့် ၂၅ ယောက်

- မူလတန်းအဆင့် ၃၂ ယောက်

၅။ လယ်ယာမြေပိုင်ဆိုင်မှု

၂၀ ဧကအထက် - မရှိ၊ ၁၀ဧကမှ ၂၀ဧက - မရှိ၊ ၅ဧကမှ ၁၀၅ဧက - မရှိ

၅ ဧကအောက် - ၄၀၊ စုစုပေါင်း လယ်ယာမြေပိုင်ဆိုင်သူဦးရေ - ၄၀

၆။ အသက်မွေးဝမ်းကျောင်း အမျိုးအစားလိုက် လုပ်သားဦးရေ

(က) လယ်ယာလုပ်ငန်း လုပ်ကိုင်သူဦးရေ - ၄၀

(ခ) မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ - မရှိ

(ဂ) ရေလုပ်ငန်း လုပ်ကိုင်သူဦးရေ - မရှိ

(ဃ) သစ်တောလုပ်ငန်း လုပ်ကိုင်သူဦးရေ - မရှိ

(င) စက်မှုလုပ်ငန်း လုပ်ကိုင်သူဦးရေ - မရှိ

(စ) ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ - မရှိ

(ဆ) သဲ၊ ကျောက်စရစ် ထုတ်လုပ်သူဦးရေ - မရှိ

(ဇ) အခြားဝန်ဆောင်မှု လုပ်ငန်းများ - မရှိ

(စက်ချုပ်/ဘီးဖာ/စက်ဘီး၊ ဆိုင်ကယ်ပြင် အစရှိသည်)

(ဈ) နိုင်ငံတော်အစိုးရဝန်ထမ်းဦးရေ - (၃)ယောက်

(ည) မှီခို/အလုပ်လက်မဲ့ - ၄၃၃

၇။ ပညာရေး

(က) ဆရာ/ဆရာမဦးရေ - (၃) ယောက်

(ခ) အတန်းအလိုက် ကျောင်းသား/သူဦးရေ

| | | | |
|---|---|---|---|
| မူလတန်း | ကျား - ၂ | မ - ၃ | စုစုပေါင်း - ၅ |
| ပထမတန်း | ကျား - | မ - ၅ | စုစုပေါင်း - ၅ |
| ဒုတိယတန်း | ကျား - ၁ | မ - ၄ | စုစုပေါင်း - ၅ |

CamScanner

တတိယတန်း ကျား - ၈ ၊ မ - ၇ ၊ စုစုပေါင်း - ၁၅

စတုတ္ထတန်း ကျား - ၃ ၊ မ - ၂ ၊ စုစုပေါင်း - ၅

စုစုပေါင်း ကျား - ၁၁ ၊ မ - ၂၀ ၊ စုစုပေါင်း - ၃၁

Ä မူလွန်နှင့် အလယ်တန်း၊ အထက်တန်းရှိပါက သီးခြားပြစုရန်။

၈။ ကျန်းမာရေး

- တိုက်နယ်ဆေးရုံ/ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ - မရှိ
- ဝန်ထမ်းဦးရေနှင့် တာဝန် - မရှိ

၉။ လမ်းပန်းဆက်သွယ်ရေး

- မြို့နှင့် အကွာအဝေး(မိုင်) - ၇မိုင်၊ ဆက်သွယ်သည့်လမ်းအမျိုးအစားနှင့်မိုင် - မြေလမ်း
- ကျေးရွာချင်းဆက်လမ်းများ အခြေအနေ - ကုန်လမ်း

၁၀။ ပို့ဆောင်ဆက်သွယ်ရေး

- ယာဉ်အမျိုးအစားအလိုက်စီးရေ
- ကား - မရှိ၊ ထော်လာဂျီ - မရှိ၊ ဆိုင်ကယ် - ၁၀စီး

၁၁။ ဆက်သွယ်ရေးကိရိယာ

- ကြိုးဖုန်း - မရှိ၊ Mobile Phone လုံးရေ - ၁၅လုံး

၁၂။ လျှပ်စစ်ဓာတ်အားရရှိ/သုံးစွဲမှု

- (ပင်မဓာတ်အားလိုင်း/ရေအား/ဒီဇယ်/နေရောင်ခြည်/အခြား) - မရှိ
- သုံးစွဲသူအိမ်ထောင်စု - မရှိ၊ အိမ်ထောင်စုဝင်လူဦးရေ - မရှိ

၁၃။ စိုက်ပျိုးစရိတ်ချေးငွေရရှိမှု (ဧကနှင့် ချေးငွေပမာဏ)

(က) လယ်ဧက - ၉၀၊ ချေးငွေတန်ဖိုး - ၁၀သိန်း

CamScanner

(ခ) ယာသီးနှံများ

- မြေပဲ - ၁ဧက၊ ချေးငွေတန်ဖိုး - ၁၀၀၀၀၀ိ/-

- အခြားသီးနှံများ - ၁ဧက၊ ချေးငွေတန်ဖိုး - ၁၀၀၀၀၀ိ/-

- သီးနှံစုစုပေါင်း - မြေပဲ၊ အခြားသီးနှံ၊ ချေးငွေတန်ဖိုး - ၂၀၀၀၀၀ိ/

၁၄။ အဓိကထွက်ကုန်များ

လယ်ယာသီးနှံများ

| သီးနှံအမျိုးအစား | စိုက်ဧက | အထွက်(တင်း) | တန်ဖိုး(ကျပ်) |
|---|---|---|---|
| မြေပဲ | ၁ | ၅၀ | ၂၅၀၀၀ |
| ပဲနီ | ၁ | ၁၅ | ၂၅၀၀၀ |
| ပဲရင်း | ၁ | ၂၀ | ၂၀၀၀၀ |
| ပဲလွန်း | ၁ | ၁၅ | ၁၅၀၀၀ |
| ထောပတ် | ၁ | ၁၃ | ၁၉၅၀၀ |

၁၅။ သီးနှံအလိုက် တစ်ဧက ကုန်ကျစရိတ်များ (ကျေးရွာအုပ်စုကိုယ်စားပြု)

| သီးနှံအမျိုးအစား | မျိုးတန်ဖိုး | မြေဩဇာ | ပိုးသတ်ဆေး | အခြားငှားရမ်းခများ | စုစုပေါင်း |
|---|---|---|---|---|---|
| မြေပဲ | ၉၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀၀ |
| ပဲနီ | ၂၄၀၀၀ | - | ၁၀၀၀၀ | ၁၀၀၀၀ | ၄၄၀၀၀ |
| ပဲလွန်း | ၁၆၀၀၀ | - | ၁၀၀၀၀ | ၁၀၀၀၀ | ၃၆၀၀၀ |

Ä လယ်ယာကဏ္ဍရပ်/ကျေးပုံစံ (၁)ဖြင့် ကျွမ်းကျင်လယ်သမား(၅)ဦး ကောက်ယူပြီး ကျေးရွာအုပ်စု ကိုယ်စားပြု တစ်ဧကကုန်ကျစရိတ် ဖော်ပြရန်။ (လိုအပ်ပါက သီးခြားဖော်ပြရန်။)

CamScanner

၁၇။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေ

(၁) ဆိုလာ ဘတ္တရီ၊ မီးကြိုး၊ မီးချောင်း၊ အင်ဗာတာ၊

(၂) ရေစုတ်စက်နှင့် ရေကန်၊ ရေပိုက်၊ အင်ဂျင်စက်၊ တရုတ်နီဂျင်ဒေါင်(၂၅)ကောင်၊ ရေစုတ်ပန့်


(၃) ဆေးပေးခန်းနှင့် အရုံသားဖွား၊

(၄) လယ်ထွန်စက်၊

(၅) ရေလောင်အိမ်သာ။

ကွင်းဆင်းပြုစုသူအမည်၊ ဦးဌေးဝင်း

မြို့နယ်တာဝန်ခံ ________________




CamScanner

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရေလဲ့ဒီးတောအုပ်စု၊ ဘုံတာကျေးရွာ၏ လူမှုရေးအရင်းမြစ်ပြမြေပုံနှင့် အစီရင်ခံစာ

ဘုံတာကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် တည်ရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ဘုံတာကျေးရွာတွင် အိမ်ခြေ(၁၀၅)အိမ်ရှိပြီး အိမ်ထောင်စုမှာ(၁၅၄)ရှိပါသည်၊ လူဦးရေမှာ ကျား(၂၁၀)ဦး၊ မ(၂၃၂)ဦး ရှိပါသည်။

### ပညာရေး

ဘုံတာကျေးရွာတွင် အစိုးရမူလတန်းကျောင်း ရှိပါသည်၊ ကျွန်တော်တို့ကျောင်းတွင် ဝန်ထမ်း(၄)ဦး ရှိပါသည်။ ကျောင်းသူ/သားများအတွက် ပညာရေးတိုးတက်ကောင်းမွန်စေရန် သင်ထောက်ကူပစ္စည်းများ လိုအပ်ပါသည်။ မူလတန်းကျောင်းသား ဦးရေမှာ (၁၂)ဦး ရှိပါသည်၊ အထက်တန်းအဆင့်(၉)ဦး၊ ကောလိပ်သိပ္ပံ (၃)ဦး၊ ဘွဲ့ရ (၉)ဦး၊ အလယ်တန်းကျောင်းသားဦးရေမှာ (၂၀)ဦး ရှိပါသည်၊

### ကျန်းမာရေး

ဘုံတာကျေးရွာတွင် ကျန်းမာရေးနှင့်ပါတ်သက်ပြီး ကျန်းမာရေးဌာနခွဲနှင့် ကျန်းမာရေးဆေးခန်း အဆောက်အဦးများနှင့် ကျန်းမာရေးဆရာ/မများ လိုအပ်ပါသည်၊ ကျွန်တော်တို့ကျေးရွာတွင် လူဦးရေ(၄၈၃)ဦး ရှိပြီး လမ်းပန်းဆက်သွယ်ရေး မကောင်းသဖြင့် မဖြစ်သင့်သည့် ကျန်းမာရေးပြဿနာ အသိပညာပေးသင်တန်းများနှင့် တတ်ကျွမ်းသည့် ကျန်းမာရေးဆရာ/မ များနှင့် ကျေး/လက်ဆေးပေးခန်း များ အဆောက်အဦးများ လိုအပ်ပါသည်။

### စီးပွားရေး

ဘုံတာကျေးရွာ၏ စီးပွားရေးအခြေအနေမှာ လက်လုပ်လက်စား များပြားလှပါသည်၊ တောင်သူဦးရေ နည်းပါးပြီး လုပ်ကိုင်စရာ မြေယာများ ဧရာဝတီမြစ်ရေတိုက်စားပြီး ကမ်းပါးပြိုပြီး မြေယာများ ဆုံးရှုံး၍ တောင်သူဦးရေ လျော့နည်း၊ လက်လုပ်လက်စားများပြားနေသည့်အကြောင့် ထိုဘဝမှ တိုးတက်မြင့်မားစေရန် အမျိုးသားများအတွက် လက်သမား/ပန်းရံ/ဝပ်ရှော့/အင်ဂျင်စက်ပြုပြင်၊ အီလက်ထရောနစ် ပြုပြင်သင်တန်းများ၊ အမျိုးသမီးများအတွက် စက်ချုပ်၊ ဇာထိုး၊ ပန်းထိုး မုန့်လုပ်၊ အိမ်တွင်းလုပ်စသည့် အခြေခံသင်တန်းများ လိုအပ်ပါသည်။ တောင်သူကြီးများအနေဖြင့် စိုက်ပျိုးငွေများ၊ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးရန် လိုအပ်ပါသည်၊ အချိန်မီ သိမ်းဆည်းနိုင်ရန် မလေလွင့်ရန် ခေတ်မီ၊ ခြွေလှေ့စက်များ လိုအပ်ပြီး၊ မျိုးစေ့၊ မျိုးသန့်များနှင့် အထွက်တိုးပွားစေရန် ဓာတုဗေဒမြေဩဇာများနှင့် အခြေခံလိုအပ်ချက်များ ပြည့်စုံမှသာလျှင် ဘုံတာကျေးရွာ၏ စီးပွားရေး တိုးတက်မြင့်မားပြီး ဦးမော့ကောင်းမွန်လာမည်။

CS CamScanner

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရေလဲဇီးတောအုပ်စု၊ ဘုံတာကျေးရွာ၏ လူမှုရေးအရင်းမြစ်ပြမြေပုံနှင့် အစည်းအဝေးမှတ်တမ်း

| | |
|---|---|
| အစည်းအဝေးပြုလုပ်ချိန် | - နံနက်(၈:၀၀)နာရီ |
| အစည်းအဝေးကျင်းပသည့်နေရာ | - အုပ်ချုပ်ရေးမှူးနေအိမ် |
| အစည်းအဝေးပြီးဆုံးသည့်အချိန် | - နံနက်(၁၁:၀၀)နာရီ |
| ကျေးရွာအမည် | - ဘုံတာကျေးရွာ |

အစည်းအဝေးစတင်ချိန်တွင် ကိုးအေးနိုင်ဝင်း နှင့် ကိုနိုင်ဝင်းတို့မှ မိမိတို့ရဲ့ ကျေးရွာသူ/သား များကို အစည်းအဝေးခေါ်ဆောင်ရခြင်း၏ အကြောင်းအရင်းမှာ ကျေးရွာ၏လူမှုရေး အရင်းအမြစ်ပြမြေပုံ ရေးဆွဲရခြင်းနှင့် ပါတ်သက်ပြီး အစီရင်ခံစာများ တင်ပြရန် အစည်းအဝေး ခေါ်ရခြင်းဖြစ်ပါသည်။ ကိုနိုင်ဝင်းမှ ဦးဆောင်ပြီး လူ့အရင်းအမြစ်ပြမြေပုံရေးဆွဲရခြင်းနှင့် စပ်လျဉ်းပြီး ကျေးရွာသူ/သားများမှ ဝိုင်းဝန်းပြီး ဘုံတာကျေးရွာ၏ ကျောင်းသူ/သားများအတွက် ပညာရေးမြင့်တင်နိုင်ရန် ကျေးရွာသူ/သားများ ကျန်းမာရေးဆိုင်လိုအပ်ချက်အကြောင်းအရင်းများကို ပြောကြားပါသည်။

စီးပွားရေး အခြေအနေတိုးတက်စေရန်အတွက် ကျေးရွာသူ/သားများမှ တစ်ဖန်ပြောကြပပါသည်။ လက်သမား/ပန်းရံ/ဝပ်ရှော့၊ အင်ဂျင်/ ဝရိန်ဂဟေ/ စိုက်ပျိုးရေး သင်တန်းများနှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးများ လိုအပ်နေကြောင်းကို ပြောကြပါသည်။ ဤသို့ လူမှုရေးအရင်းအမြစ်များ အကျိုးခံစားခွင့်များ ရရှိမှသာလျှင် ဘုံတာကျေးရွာ၏ အနာဂါတမျှော်မှန်းချက် ခေတ်မှီဖွံ့ဖြိုးတိုးတက်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက် အောင်မြင်လာစေနိုင်တဲ့ ဖြစ်ရပ်အကြောင်းများကို ပြောကြားရင်းနဲ့ အစည်းအဝေးပွဲကို နံနက်(၁၁:၀၀)နာရီ အချိန်မှာ ရုတ်သိမ်းမှတ်တမ်း ပြုစုအပ်ပါသည်။

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရေလဲစီးတောအုပ်စု၊ ဘုံတာကျေးရွာ၏ ရာသီခွင်ပြဇယား

| လ | | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ယာ | | | | | ပိုးသတ်ဆေး | | | | | | | | |
| ရာသီဥတု | | | | | | | | | | | | | |
| ကျပန်း | | | | | | | | | | | | | |
| ပွဲတော်များ | | | | | | | | ??? | | | | | |
| စျေးရောင်း | | | | | | | | | | | | | |
| ပညာရေး | | | | | | | | | | | | | |
| တောင်သူ | ဝင်ငွေ | | ၅၀၀၀၀ိ/ | | ၅၀၀၀၀ိ/ | | ၃၀၀၀၀ိ/ | | ၅၀၀၀၀၀ိ/ | | | ၅၀၀၀၀၀ိ/ | ၅၀၀၀၀၀ိ/ |
| | ထွက်ငွေ | | ၅၀၀၀၀ိ/ | | | | | | | | | ၅၀၀၀၀၀ိ/ | ၅၀၀၀၀၀ိ/ |
| ကျပန်း | ဝင်ငွေ | | ၂၀၀၀၀ိ/ | ၂၀၀၀၀ိ/ | ၂၀၀၀၀ိ/ | ၂၀၀၀၀ိ/ | ၂၀၀၀၀ိ/ | ၂၀၀၀၀ိ/ | ၂၀၀၀၀ိ/ | ၂၀၀၀၀ိ/ | ၂၀၀၀၀ိ/ | ၂၀၀၀၀ိ/ | ၂၀၀၀၀၀ိ/ |
| | ထွက်ငွေ | | ၂၀၀၀၀ိ/ | ၂၀၀၀၀ိ/ | ၂၀၀၀၀ိ/ | ၂၀၀၀၀ိ/ | ၂၀၀၀၀ိ/ | ၂၀၀၀၀ိ/ | ၂၀၀၀၀ိ/ | ၂၀၀၀၀ိ/ | ၂၀၀၀၀ိ/ | ၂၀၀၀၀ိ/ | ၂၀၀၀၀၀ိ/ |

**အညွှန်း**

- ထွန်ယက်
- သီးနှံသိမ်းဆဲ
- ပဲသီးနှံ စပေါ်
- နှမ်းရာသီပေါင်းရှင်း
- ကျောင်းတက်ချိန်
- မွေးမြူရေးဝက်၊
- နွား၊ ကြက်
- ဟင်းသီးတာလ
- ရေကြီးတာလ
- လက်သမားလုပ်ငန်း
- ဝန်ထမ်းလုပ်ငန်း
- ရေတွင်းလုပ်ငန်း
- စက်ချုပ်လုပ်ငန်း
- ရေလုပ်သား
- စျေးသည်လုပ်ငန်း
- ??? - သက်ကြီးပူဇော်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ် (ရေလဲဇီးတော)အုပ်စု၊ ဘုံတာကျေးရွာ၏

ရာသီခွင်ပြဒယား အစီရင်ခံစာ

ရက်စွဲ၊

ဘုံတာကျေးရွာသည် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၊ (ရေလဲဇီးတော)အုပ်စုတွင် ပါဝင်သော ကျေးရွာဖြစ်ပါသည်။ ဘုံတာကျေးရွာတွင် အိမ်ခြေ(၁၀၅)အိမ်၊ အိမ်ထောင်စု (၁၃၀)ဦးရှိပြီး လူဦးရေ (၄၃၃)ယောက်ရှိပါသည်။

စိုက်ပျိုးရေး

ဘုံတာကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်၊ စိုက်ပျိုးရေးအနေဖြင့် စိုက်ပျိုးသော သီးနှံများမှာ တန်ခူးလတွင် ရာသီကုန် ဟင်းသီးဟင်းရွက်များ ကုန်စိမ်းများရောင်းချပြီး နယုန်လတွင် ပေါင်းများရှင်းလင်းပြီး သီတင်းကျွတ်လတွင် မြေပဲ၊ ပဲလွန်း၊ ပဲရင်း၊ ပဲဇီးကွက်နှင့် ပဲမျိုးစုံများ စိုက်ပျိုးကြပါသည်။

တန်ဆောင်မုန်း၏လတွင် စိုက်ပျိုးထားသော အသီးအပင်များ ပေါင်းများရှင်းလင်း၍ မြေများစွပြီး နတ်တော်နှင့် ပြာသိုလတွင် ဆေးများဖျန်းပက်ကြပါသည်၊

စိုက်ပျိုးရောပါ

တန်ခူးလတွင် မြစ်ပိုးရောဂါများ ကဆုန် မွား၊ ပင့်ကူ၊ သီတင်းကျွတ်လတွင် သီးလုံးဖောက်ပိုးများ ကျရောက်ပြီး နတ်တော်လတွင် ရွက်လိပ်ရွက်ပိုး၊ ကပ်ပိုးများကျရောက်ပြီး တပို့တွဲလတွင် ပုမှားလည်း ကျရောက်တတ်ပါသည်။

ကျန်းမာရေး (လူ)

တန်ခူးလနှင့် ကဆုန်လတွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဖြစ်တတ်ပြီး တော်သလင်း၊ သီတင်းကျွတ်လများတွင်လည်း တုတ်ကွေး၊ ဖျားနာရောဂါများ ဖြစ်တတ်ကြပါသည်၊ သာမန်ခေါင်းကိုက်၊ နှာစေး၊ ချောင်းဆိုးဖြစ်လျှင် ကျေးရွာထဲမှ ဈေးဆိုင်တွင် ဆေးဝယ်ယူ၍ သောက်ကြပါသည်၊ အရေးပေါ် အခြေအနေတွင် ညောင်ဦး၊ ပခုက္ကူဆေးရုံများသို့ သွားရောက်ကုသရပါသည်။

ပွဲတော်များ

တန်ခူးလတွင် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်၊ ကဆုန်လတွင် ရှာကျောင်းပဌာန်းပွဲ၊ ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်ပွဲ၊ သီတင်းကျွတ်လတွင် ရွာဦးကျောင်း ဆရာတော်ကန်တော့ပွဲ၊ တန်ဆောင်မုန်းလတွင် ကထိန်သင်္ကန်းကပ်ပွဲ၊ တပို့တွဲတွင် ထမင်းနဲ့ပွဲ၊ တပေါင်းလတွင် ရွာဦးကျောင်း ဆွမ်းချသံဃာတော်များ လောင်းလှူပွဲ ဆင်နွဲကြပါသည်။

CS CamScanner

ရာသီဥတု

ဘုံတာကျေးရွာသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် တည်ရှိသော ရွာလေး ဖြစ်ပါသည်။ မိုးခေါင်သော ဒေသဖြစ်၍ တန်ခူး၊ ကဆုန်၊ နယုန်လများတွင် အလွန်ပူပြင်း လှပါသည်။ ကဆုန်၊ နယုန်လများတွင် လေပြင်းတိုက်ခြင်း၊ မိုးသက်လေပြင်းများ ကျရောက်တတ်ပါသည်။

မွေးမြူရေးရောဂါ

နွားများသည် တန်ခူးလနှင့် ကဆုန်လတွင် ပေါင်ပုတ်၊ လက်ပုတ်ရောဂါများကျရောက်ပြီး၊ သီတင်းကျွတ်လတွင် ခွာနာ၊ လျှာနာရောဂါများ ကျရောက်ပါသည်။

တောင်သူဝယ်ဝင်ငွေ

တောင်သူငယ်များသည် တပေါင်း၊ တန်ခူးလ၊ ကဆုန်လများတွင် မိမိတို့စိုက်ပျိုးထားသော သီးနှံများ ရိတ်သိမ်းပြီး မြို့များသို့ သွားရောက်၍ သီးနှံများ ရောင်းချသောကြောင့် ဝင်ငွေအများဆုံးရသော လများ ဖြစ်သည်။

တောင်သူငယ်ထွက်ငွေ

တောင်သူငယ်များ၏ ထွက်ငွေမှာ သီတင်းကျွတ်၊ တန်းဆောင်မုန်း၊ နတ်တော်လများတွင် စိုက်ပျိုးရန် မျိုးစေ့များ ဝယ်ယူရသောကြောင့် စိုက်ပျိုးစရိတ်များ ရင်းနှီးရ၍ ထွက်ငွေအများဆုံး လများဖြစ်သည်။

နေ့စားကျဘမ်းဝင်ငွေ

နေ့စားကျဘမ်းလုပ်ကိုင်သူများအနေဖြင့် တပေါင်း၊ တန်ခူးလများမှာ ဝင်ငွေအများဆုံး ရသောလများ ဖြစ်ပြီး ကျန်သော လများတွင် ဝင်ငွေနည်းသော လများဖြစ်သည်။ ဈေးသည်များအနေဖြင့် ပုံမှန်ဝင်ငွေသာ ရရှိကြသည်။

နေ့စားကျဘမ်းထွက်ငွေ

နေ့စားကျဘမ်းများအနေဖြင့် ဝါဆို၊ ဝါခေါင်လများတွင် အလုပ်အကိုင်ရှားပါးသောကြောင့် ထွက်ငွေ အများဆုံးလများ ဖြစ်ပါသည်။ ကျန်သောလများတွင်လည်း ထွက်ငွေ များပြားပါသည်။

CamScanner

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ် (ရေလဲဒီးတော)အုပ်စု၊ ဘုံတာကျေးရွာ၏

ရာသီခွင်ပြဇယား အစည်းအဝေးမှတ်တမ်း


| | | |
|---|---|---|
| အစည်းအဝေးစတင်ချိန် | - | (၁၂း၀၀)နာရီ |
| အစည်းအဝေးကျင်းပသည့်နေရာ | - | အုပ်ချုပ်ရေးမှူးအိမ် |
| အစည်းအဝေးပြီးဆုံးချိန် | - | (၃း၃၀)နာရီ |
| ကျေးရွာအမည် | - | ဘုံတာကျေးရွာ |
| ရက်စွဲ | - | ၉. ၉. ၂၀၁၄ |

အစည်းအဝေးစတင်ချိန်တွင် ဦးနိုင်ဝင်း၊ ဦးအေးနိုင်ဝင်း၊ ကိုဖုံးဝယ်တို့မှ အစည်းအဝေးခေါ် ရခြင်းမှာ မိမိတို့ကျေးရွာ၏ ရာသီခွင်ပြဇယားရေးဆွဲရာ အစည်းအဝေးခေါ် ရခြင်းဖြစ်ကြောင်း ပြောပါသည်၊ ရာသီခွင်ပြဇယားရေးဆွဲရာ ဒေါ်လှိုင်လှိုင်ဌေးမှ ဝါဆို၊ ဝါခေါင်လများတွင် အလုပ်မရှိကြောင်း သီတင်းကျွတ် လကုန်များတွင် ပဲမျိုးစုံစိုက်ကြသည်၊ ဒေါ်ခင်ဟန်မြင့်မှ နတ်တော်၊ ပြာသိုလများတွင် သီးပင်စားပင်များ စိုက်ပျိုး ရောင်းချကြောင်း ပြောပါသည်၊ ဦးထွန်းနိုင်ဦးမှလည်း တန်ခူး၊ ကဆုန်၊ နယုန်လများတွင် နွားများ၌ ခွာနာ လျှာနာရောဂါများ ဖြစ်တတ်ကြောင်းပြောပါသည်၊ ကျန်းမာရေးအနေဖြင့် ကျေးရွာရှိလူများတွင် ကဆုန်၊ နယုန် လများ၌ တုတ်ကွေးနှင့် ဖျားနာရောဂါများ ဖြစ်တတ်ကြောင်းကို ဦးစိုးလှိုင်မှ ပြောပါသည်၊ တန်ခူးလတွင် မင်္ဂလာဆောင်များနှင့် သင်္ကြန်ပွဲတော်များရှိကြောင်း၊ ကဆုန်လတွင် ရွာဦးကျောင်းမှ ဆရာတော်ဦးဉာဏိက တပည့်ရင်း ရဟန်းသံဃာ(၁၅)ပါးနှင့် ရှင်သာမဏေ (၇)ပါးမှ အသံမစဲ မဟာပဋ္ဌာန်းပွဲ၊ ဝါဆိုလတွင် ဝါဆိုသင်္ကန်း ကပ်ပွဲ၊ သီတင်းကျွတ်လတွင် ဆရာတော်ကန်တော့ပွဲများ ရှိကြောင်းကို ဦးချစ်တင်မှ ပြောပါသည်၊ တပေါင်းလ တွင် ရွာဦးကျောင်းဆရာတော်နှင့် ရွာပတ်ဝန်းကျင်ပင့်သံဃာအပါး (၄၀) ဆွမ်းချပွဲများကို ဦးချစ်တင်မှ ထပ်ဆင့် ပြောပါသည်၊ ဒေါ်အုံးကျင်မှလည်း တန်ခူး၊ ကဆုန်၊ နယုန်လများတွင် နေအလွန်ပူပြင်းကြောင်း ပြောပါသည်၊ ဝါဆိုဝါခေါင်လများမှာ မြစ်ရေကြီး၍ ရွာအိမ်ဝိုင်းထဲ ရေဝင်ကြောင်း တော်သလင်း၊ သီတင်းကျွတ်လများမှာ မိုးများအလွန်ရွာသွန်းကြောင်း ပြာသို၊ တပို့တွဲလများတွင် ရာသီဥတု အလွန်အေးကြောင်း ဦးလှကျော်မှ ပြောပါသည်၊ ဦးသန်းလှိုင်မှ ကျေးရွာလူထုကို တောင်သူယယ်၏ ဝင်ငွေထွက်ငွေများနှင့် နေ့စားကျဘမ်း အလုပ် လုပ်သူများ၏ ဝင်ငွေထွက်ငွေများကိုမေးရာ တောင်သူယယ်များ၏ ဝင်ငွေမှာ နေ့စဉ်ကျဘမ်း အလုပ်လုပ်သူ များထက်ဝင်ငွေ ပိုများပြီး တောင်သူယယ်များအနေဖြင့် သီးနှံများကို တပေါင်း၊ တန်ခူးလများတွင် ရိတ်သိမ်း သောကြောင့် ဝင်ငွေအများဆုံးလ ဖြစ်ပါသည်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် သီးနှံစိုက်ပျိုးရ သောကြောင့် ရင်းနှီးရ၍ ထွက်ငွေအများဆုံးလဖြစ်ကြောင်း ဦးပြေအေးမှလည်း ပြောပါသည်၊ ဦးပေါ်ညွန့်မှ နေ့စား၊ ကျဘမ်းများအနေဖြင့် တပေါင်း၊ တန်ခူးလတွင် ဝင်ငွေအများဆုံးရကြောင်း၊ ဈေးသည်များ အနေဖြင့် ဝင်ငွေများသောလဟူ၍မရှိဘဲ ပုံမှန်ဝင်ငွေရရှိကြောင်း ပြောပါသည်၊ အစည်းအဝေးကို ညနေ (၃း၃၀)အချိန် ရုတ်သိမ်းခဲ့ပါသည်၊

CS CamScanner

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ ရေလဲဖီးတောအုပ်စု၊
ဘုံတာကျေးရွာ၏ စီးပွားရေးပြဿနာသစ်ပင်

ရက်စွဲ၊ ၂၄-၉-၂၀၁၄



## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်(ရေလဲ-ဇီးတောအုပ်စု)

## ဘုံတာကျေးရွာ၏စီးပွားရေးပြဿနာသစ်ပင်အစီရင်ခံစာ

ရက်စွဲ၊ ၂၄. ၉. ၂၀၁၄

ဘုံတာကျေးရွာတွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်အတွင်းရှိရေလဲ-ဇီးတောအုပ်စုဝင်ကျေးရွာ တစ်ရွာဖြစ်ပါသည်။ ဘုံတာကျေးရွာတွင်အိမ်ခြေ(၁၀၅)နှင့်လူဦးရေ(၄၈၃)ရှိပါသည်။ ကျေးရွာအတွင်းရှိလူဦးရေ အားလုံးသည် မြန်မာလူမျိုးများဖြစ်ပြီး ဗုဒ္ဓဘာသာကိုးကွယ်ကြသည် ဆင်းရဲနွမ်းပါးမှုနှင့်အလုပ်အကိုင်ရှားပါး ခြင်းသည် ဘုံတာကျေးရွာ၏အဓိကပြဿနာဖြစ်ပါသည်။ ဘုံတာကျေးရွာသည်စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင် ကြသည်။ စိုက်ပျိုးရေးအတွက်စိုက်ပျိုးရေးစရိတ်ငွေလုံလောက်မှုမရှိ၍ မျိုးကောင်းမျိုးသန့်မရခြင်း၊ အရေအသွေး ပြည့်မီသောမြေဩဇာမရရှိခြင်း၊ ရာသီဥတုဖောက်ပြန်သောအခါ စိုက်ပျိုးထားသောစိုက်ခင်းများမှာအပင်များ မဖြစ်ထွန်းခြင်း၊ မြေဆီမြေခွန်များခြောက်သွေ့ကာသီးနှံများအထွက်နှုန်းလျော့နည်းသည့်အပြင် သီးနှံဈေးနှုန်း များကျဆင်းလာ၍ ဝင်ငွေများလျော့နည်းလာပြီးစားဝတ်နေရေးအခက်အခဲများဖြစ်ပေါ်ရပါသည်။ ထို့အပြင် ရေတိုက်စားမှုများဖြစ်ပေါ်ပြီးကမ်းပါးပြိုမှုများကြောင့် လယ်ယာမြေများဆုံးရှုံးပြီး လုပ်ကွက်စိုက်ပျိုးမြေများလျော့ နည်း၍ ကျေးရွာသူကျေးရွာသားများအလုပ်လက်မဲ့ဖြစ်ခါ ချေးငွေများပြန်လည်မပေးဆပ်နိုင်၍ တစ်ခြားကျေးရွာ မြို့များသို့ရွှေ့ပြောင်းလုပ်ကိုင်သူဦးရေများလာသည်  ထို့နောက်ဆင်းရဲနွမ်းပါးခြင်းပြဿနာကိုနှစ်စဉ်ကြုံတွေ့ ရပါသည်။

CamScanner

# မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရေလဲဇီးတောအုပ်စု၊ ဘုံတာကျေးရွာ၏ စီးပွားရေးပြဿနာ အစည်းအဝေးမှတ်တမ်း

| | |
|---|---|
| အစည်းအဝေးပြုလုပ်ချိန် | - နံနက်(၁၂:၃၀)နာရီ |
| အစည်းအဝေးကျင်းပသည့်နေရာ | - အုပ်ချုပ်ရေးမှူးနေအိမ် |
| အစည်းအဝေးပြီးဆုံးသည့်အချိန် | - ညနေ(၂:၀၀)နာရီ |
| ကျေးရွာအမည် | - ဘုံတာကျေးရွာ |
| ရက်စွဲ၊ | -၂၄. ၉. ၂၀၁၄ |

အစည်းအဝေးစတင်ချိန်တွင် ဦးငွေဝင်းမှ ဘုံတာကျေးရွာ ဖွံ့ဖြိုးဖို့ရာတွင် အဟန့်အတားဖြစ်စေသော အကြောင်းအရင်းများကို ကျေးရွာလူထုအား မေးမြန်းရာ ပြည်သူလူထုမှ မြစ်ကမ်းပါးပြို၍ ကျေးရွာဖွံ့ဖြိုးမှုကို အဟန့်အတား နှောင့်နှေးကြောင်း မိမိတို့စိုက်ပျိုးမြေများ ဆုံးရှုံးကြောင်း ရာသီဥတုဖောက်ပြန်၍ အထွက်တိုးမှုလျော့ကျကြောင်း တောင်သူဦးကြီးများကလည်း လုပ်အားခတွေ ကုန်ဆုံးကြောင်း စသည့်ဖြစ်ရပ်များကြောင့် ကျေးရွာဖွံ့ဖြိုးမှု မရှိကြောင်းများ ဖြစ်ပေါ်ခဲ့ရပါသည်။


တစ်ဆက်တည်းမှာပဲ ဦးနိုင်ဝင်းမှ ဦးဆောင်ပြီး စီးပွားရေးပြဿနာသစ်ပင်ကို ရေးဆွဲပြသပါသည်။ ကျေးရွာသူ/သားများနှင့် မိမိတို့ကျေးရွာမှာ နေထိုင်ကြသည့် ပုဂ္ဂိုလ်များမှာ စားဝတ်နေရေး ကြပ်တည်းကြောင်းနှင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ဘာသာရေးတွေမှာ ထိခိုက်လာနိုင်ကြောင်း ပြောကြပါသည်။

စိုက်ပျိုးရေးအတွက်များမှာလည်း စိုက်ပျိုးငွေ လုံလောက်မှု မရရှိခြင်း၊ မျိုးကောင်းမျိုးသန့် မရရှိခြင်း အရည်အသွေးပြည့်မှီသော မြေဩဇာများ မရရှိခြင်း၊ သီးနှံဈေးနှုန်းများ မတည်ငြိမ်မှု အခက်အခဲများ ဖြစ်ပေါ်လာကြောင်း ကျေးရွာလူထုမှ တင်ပြကြပါသည်။ ၎င်းပြဿနာများကို ဖြေရှင်းနိုင်ရန် ကိုအေးနိုင်ဝင်းမှ မိမိတို့ သားသမီးများကို ပညာတတ်ဖြစ်အောင် အလုပ်လက်မဲ့မရှိစေရန်နှင့် အသက်မွေးဝမ်းကြောင်းများကို တစ်နိုင်တစ်ပိုင် မွေးမြူပြီး ပညာများပေးပြီး ဖြေရှင်းခဲ့ပါသည်။ ၎င်းအစည်းအဝေးပွဲကို ညနေအချိန်တွင် ရုတ်သိမ်းခဲ့ပါသည်။

CamScanner

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊
ဘုံတာကျေးရွာ၏ စီးပွားရေးပြဿနာ ဖြေရှင်းပုံ

ရက်စွဲ၊ ၂၄.၉.၂၀၁၄



## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရေလဲ–ဇီးတောအုပ်စု
## ဘုံတာကျေးရွာ၏စီးပွားရေးပြဿနာဖြေရှင်းနည်းအစီရင်ခံစာ

ရက်စွဲ၊ ၂၄. ၉. ၂၀၁၄

ဘုံတာကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင်တည်ရှိသောကျေးရွာဖြစ်ပါသည်။ ဘုံတာကျေးရွာ၏ စီးပွားရေးပြဿနာမှာ ကျွန်းမြေဖြစ်သောကြောင့်စိုက်ပျိုးသီးနှံများမြစ်ရေကျချိန်တွင် စိုက်ပျိုးသီးနှံစိုက်ရပြီး မြစ်ရေတက်ချိန်တွင် စိုက်ပျိုးသီးနှံမစိုက်ရသောကြောင့် အလုပ်အကိုင်ရှားပါးပြီးနှစ်စဉ် စီးပွားရေးအကြပ်အတည်းများနှင့်ကြုံတွေ့ရပါသည်။ စီးပွားရေးအဆင်မပြေမှုကြောင့်မြို့များသို့သွားရောက်အလုပ်လုပ်ကိုင်ရသူများလည်းရှိပါသည်။ တခြားသူများထံမှငွေတိုးယူ၍ စားဝတ်နေရေးအတွက်လည်း ဖြေရှင်းရပါသည်။

စီးပွားရေးပြဿနာဖြစ်ရခြင်းမှာ

(၁) စိုက်ပျိုးရေးငွေလုံလောက်မှုမရှိခြင်း

(၂) အရည်အသွေးမှီသောမြေသြဇာများမရရှိခြင်း

(၃) မြစ်ရေတိုက်စားမှုကြောင့်လယ်ယာမြေများလျော့နည်းလာခြင်း

(၄) မျိုးကောင်းမျိုးသန့်မရရှိခြင်း

(၅) လက်လုပ်လက်စားများလာခြင်း

၎င်းဖြစ်ရပ်များကြောင့်ဝင်ငွေများနည်းပါးလာပြီး စားဝတ်နေရေးအခက်အခဲများနှင့်နှစ်စဉ်ကြုံတွေ့နေရပါသည်။ ထို့ကြောင့်စားဝတ်နေရေးပြေလည်စေရန်အတွက် အခြားမြို့များသို့သွားရောက်လုပ်ကိုင်၍ စီးပွားရေးပြဿနာကိုလည်းဖြေရှင်းရပါသည်။

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်(ရေလဲ-ဇီးတော)အုပ်စု

## ဘုံတာကျေးရွာ၏စီးပွားရေး ပြဿနာအစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| အစည်းအဝေးစတင်ချိန် | - | နေ့လည်(၁း၀၀)နာရီ |
| အစည်းအဝေးကျင်းပသည့်နေရာ | - | ဘုန်းကြီးကျောင်းဝိုင်းအတွင်း |
| အစည်းဝေးပြီးဆုံးချိန် | - | ညနေ(၄း၀၀) |
| ကျေးရွာအမည် | - | ဘုံတာကျေးရွာ |


ရက်စွဲ၊ ၂၄. ၉. ၂၀၁၄

အစည်းဝေးစတင်ချိန်တွင် ဦးအေးနိုင်ဝင်းမှ ဘုံတာကျေးရွာဖွံ့ဖြိုးဖို့ရာတွင် အဟန့်အတားဖြစ်စေသော အကြောင်းအရင်းများကို ကျေးရွာလူထုအားမေးမြန်းရာ ကျေးရွာလူထုမှ မြစ်ကမ်းပါးပြို၍ ကျေးရွာဖွံ့ဖြိုးမှုနှောင့်နှေးကြောင်း စိုက်ပျိုးမြေများဆုံးရှုံးခြင်းဝင်ငွေများလျော့နည်းလာခြင်းစသည့်ဖြစ်ရပ်များကြောင့် ကျေးရွာဖွံ့ဖြိုးမှုကိုအဟန့်အတားဖြစ်စေပါသည်။ ထို့နောက်ဦးနိုင်ဝင်းမှဦးဆောင်၍ ကျေးရွာလူထုနှင့်အတူစီးပွားရေးပြဿနာသစ်ပင်ကိုရေးဆွဲပါသည်။ စီးပွားရေးပြဿနာသစ်ပင်ရေးဆွဲရာတွင် ဒေါ်ဝင်းဆွေနှင့်ဒေါ်ဝင်းစိန်တို့မှလည်း စီးပွားရေးအဆင်မပြေမှုကြောင့် စားဝတ်နေရေးကြပ်တည်းကြောင်းနှင့် ကျန်းမာရေးတွင်လည်းထိခိုက်လာနိုင်ကြောင်းပြောပါသည်။ ဆင်းရဲနွမ်းပါးခြင်းသည် ကမ်းပါးပြို၍စိုက်မြေများနည်းသောကြောင့် ဖြစ်ကြောင်းပြောပါသည်။ မြစ်ရေကြီးခြင်းနှင့်မိုးတွင်းတွင်အလုပ်မရှိကြောင်းပြောပါသည်။ စိုက်ပျိုးငွေလုံလောက်မှုမရှိခြင်း၊ မျိုးကောင်းမျိုးသန့်မရခြင်း၊ အရေတွေပြည့်မီသောမြေဩဇာမရရှိခြင်း၊ မြေဆီမြေခွန်များခြောက်သွေ့ကာသီးနှံများထွက်နှုန်းလျော့နည်းသည့်အပြင် သီးနှံဈေးနှုန်းများကျဆင်းလာ၍ ငွေများနည်းပါးလာပြီးစားဝတ်နေရေးအခက်အခဲဖြစ်ပေါ်ကြောင်း ဒေါ်အုန်းကြင်မှလည်းပြောပါသည်။ ဦးအေးနိုင်ဝင်းစီးပွားရေးပြဿနာကို ဘယ်လိုဖြေရှင်းမလဲမေးရာ ကျေးရွာလူထုမှ မိမိသားသမီးများကို ပညာတတ်ဖြစ်အောင်သင်ကြားပေးရန် အလုပ်လက်မဲ့မရှိစေရန်နှင့် အသက်မွေးဝမ်းကြောင်းပညာများသင်ပေးပြီး ဖြေရှင်းမည်ဖြစ်ကြောင်းပြောပါသည်။ ထို့ကြောင့်အစည်းအဝေးကို ညနေ(၄. ၀၀)နာရီတွင် ရုပ်သိမ်းပါသည်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရေလဲဒီးတောတုပ်စု၊ တုံတာကျေးရွာ၏

ပညာရေး ပြဿနာ သစ်ပင်

ရက်စွဲ၊ .၉. ၂၀၀၇



## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရေလဲဇီးတောအုပ်စု၊ ဘုံတာကျေးရွာ၏ ပညာရေးပြဿနာ သစ်ပင်အစီရင်ခံစာ

ဘုံတာကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်မှ အပါအဝင်ကျေးရွာတစ်ရွာဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ယဉ်ကျေးမှုများကို လက်ကိုင်သုံးဆောင်နေကြပါသည်။ ကျွန်တော်ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းများရှိသော်လည်း အဓိကပြဿနာက ပညာရေးပင်ဖြစ်ပါသည်။ ပညာရေးသည် စီးပွားလုပ်ငန်းများ လုပ်ဆောင်ရာတွင် မပြေလည်မှု မရှိသောကြောင့် ပညာရေးစရိတ်များ အခက်အခဲများ တွေ့ကြုံရင်ဆိုင်ကြရပါသည်။ ဝင်ငွေလည်ပတ်မှုနည်းပါးသောကြောင့် စားဝတ်နေရေးအတွက်သာ အထောက်အကူပြုရပါသည်။ ထို့ကြောင့် ပညာသင်ကြားမှု အားနည်းလာကြသောအခါ ကျေးရွာလူထုမှာ အသိပညာကြွယ်ဝမှု နည်းပါးလာပြီး ကိုယ်ကျေးရွာအတွက် အစိုးရဝန်ထမ်းများ၊ ပညာတတ်များ နည်းပါးလာရပါသည်။ အသိပညာနည်းပါးလာသည်နှင့်အမျှ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော နည်းစနစ်များကို မချမှတ်နိုင်ခြင်းမျိုးဖြစ်ပါသည်။ ထို့ကြောင့် ပညာရေးနည်းပါးလျှင် တိုင်းပြည်အတွက် ပညာရှင်များနည်းပါးခြင်း ရှေ့ဆောင်ခေါင်းဆောင်လမ်းပြမည့် ခေါင်းဆောင်ကောင်းများ လျော့နည်းခြင်းတို့ ဖြစ်ပေါ်လာပါသည်။ ပညာတတ်နည်းပါးလျှင် ဝင်ငွေရှာဖွေရခြင်းမှာ အခက်အခဲများကြုံတွေ့ရပြီး ရရှိမှုမှာလည်း နည်းပါးလာပါသည်။ အသိပညာခေါင်းဆောင်မှုနည်းပါးလာပြီး ခေတ်မီတိုးတက်သော လုပ်ငန်းကိစ္စအဝဝများကို အကောင်အထည်ဖော်ပြရာတွင် ပညာတတ်များလို လုပ်ဆောင်စွမ်းအားနည်းခြင်း လူလူချင်း နှိုင်းယှဉ်လျှင် နိမ့်ပါးမှု အကြောင်းတစ်ရားများကို ရင်ဆိုင်ကြုံတွေ့ရပါသည်။ စာပေပညာသင်ကြားရေးအတွက် အထောက်အကူပြုအားနည်းပြီး ပညာသင်ကြားရေးအခွင့်အလမ်းများ မရရှိ၍ ပညာတတ်ကျွမ်းမှုဘက်မှာလည်း အားနည်းမှုတွေကို အများကြီးတွေ့ကြုံနေကြရပါသည်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်(ရေလဲ-ဇီးတော)အုပ်စု

ဘုံတာကျေးရွာ၏ကမ်းပါးပြိုခြင်းပြဿနာသစ်ပင်အစီရင်ခံစာ

ရက်စွဲ၊ ၂၆. ၉. ၂၀၀၄

ဘုံတာကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်အတွင်းတည်ရှိသောကျေးရွာဖြစ်ပါသည်။ ဘုံတာကျေးရွာတွင်အိမ်ခြေ(၁၀၅)အိမ်ရှိပြီး အိမ်ထောင်စု(၁၃၀)ဦးရှိပါသည် လူဦးရေစုစုပေါင်းမှာ(၄၃၃)ယောက်ရှိပါသည်။ဘုံတာကျေးရွာရှိလူများသည် ဗမာလူမျိုးများဖြစ်ကြပြီး ဗုဒ္ဓဘာသာကိုကိုးကွယ်ကြပါသည်။ ဘုံတာကျေးရွာ၏အဓိကပြဿနာမှာ မြစ်ရေတိုက်စား၍ကမ်းပါးပြိုခြင်းဖြစ်ပါသည်။ ကမ်းပါးပြိုခြင်းပြဿနာသည် ဘုံတာကျေးရွာ၏လူမှုရေး၊ ကျန်းမာရေးများကိုအများဆုံးထိခိုက်စေသောကြောင့်ဖြစ်ပါသည်။ ကမ်းပါးပြိုခြင်းကိုဖြစ်စေသောအကြောင်းအရင်းများမှာ(၁)ရေတိုက်စားခြင်း၊(၂)ရာဝတီမြစ်နံဘေးတွင်နေရသောကြောင့်(၃)ခိုင်မာသည့်ကမ္ဘာမြေမရှိခြင်း(၄)ရေစီးအားသန်ခြင်း၊ ရေဝဲကတော့ထိုး၍ကမ်းပါးပြိုခြင်း(၅)မြစ်ရေတက်ချိန်တွင် လေများပြင်းထန်ခြင်းတို့ကြောင့် ကမ်းပါးပြိုခြင်းကိုဖြစ်စေပါသည်။

ကမ်းပါးပြိုခြင်းပြဿနာများကြောင့် စားဝတ်နေရေးအစဉ်မပြေခြင်း အလုပ်လုပ်နိုင်ခွင့်ဆုံးရှုံးခြင်း လူနေအိမ်ဝိုင်းများဆုံးရှုံးခြင်း၊ မြေယာများဆုံးရှုံးခြင်းတို့ကြောင့် စိုက်ပျိုးမြေများနည်းပါးလာပါသည်။ အလုပ်လုပ်ကိုင်ခွင့်ဆုံးရှုံးခြင်းကြောင့် ကျေးရွာရှိလူများဝင်ငွေထိခိုက်လာပါသည်။ ထို့ကြောင့်ဘုံတာကျေးရွာသည်လူမှုရေးစီးပွားရေးစားဝတ်နေရေးအခက်အခဲများနှင့်ရင်ဆိုင်ခဲ့ရပါသည်။ လူနေအိမ်ဝိုင်းများကမ်းပါးပြို၍နေစရာမရှိသောအခါ အခြားကျေးရွာ၏နယ်များအတွင်းမှီခိုနေထိုင်ရပါသည်။ စိုက်ပျိုးမြေလျော့နည်းလာခြင်းကြောင့် ကျေးရွာတွင်ရှိလူများ၏စားဝတ်နေရေးမှာကြပ်တည်းလာရုံမက အလုပ်လုပ်နိုင်ခွင့်များလည်းထိခိုက်လာပါသည်။ ကမ်းပါးပြိုခြင်းပြဿနာမှာစိုက်ပျိုးမြေများတွင် နှစ်စဉ်ကမ်းပါးပြိုခြင်းကြောင့် စိုက်ပျိုးမြေများလျော့နည်းလာခြင်းမှာလည်း နှစ်စဉ်ကြုံတွေ့လာပါသည်။

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်(ရေလဲ-ဒိုးတော)အုပ်စု ဘုံတာကျေးရွာ၏ကမ်းပါးပြိုခြင်းပြဿနာသစ်ပင်ဖြေရှင်းပုံအစီရင်ခံစာ

ရက်စွဲ၊

ဘုံတာကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင်တည်ရှိပါသည်။

ဘုံတာကျေးရွာ၏ကမ်းပါးပြိုခြင်းအကြောင်းမှာ ဧရာဝတီမြစ်ဘေးတွင်တည်ရှိသောကြောင့် မြစ်ရေတက်နှုန်းမြစ်ရေကျချိန်များတွင် ကမ်းပါးပြိုခြင်းပြဿနာကိုရင်ဆိုင်ကြရပါသည်။ သီးနှံစိုက်ပျိုးမြေများနှင့်အိမ်ဝိုင်းနေရာများကိုကမ်းပါးပြိုခြင်းကြောင့် စိုက်ပျိုးမြေများဆုံးရှုံး၍ ယခုလက်ရှိရွာတည်နေရာမှာလက်ပန်ကျွန်းကုန်းအုပ်စုနှင့်လှည်းကြောင်းပေါက်ကြီးအုပ်စု နယ်ခြားနေရာကိုအိမ်ဝိုင်းမြေနေရာများကို ကွက်စိတ်ချ၍နေကြရပါသည်၊ တောင်သူငယ်များနှင့်လက်လုပ်လက်စားများ သီးနှံစိုက်ပျိုးရန်မြေနည်းပါးသောကြောင့် စားဝတ်နေရေးအခက်အခဲများနှင့်ကြုံတွေ့ရပါသည်။ ထိုသို့ကမ်းပါးပြိုခြင်းပြဿနာကိုမိမိနှင့်နီးစပ်ရာမြို့များကို ရွှေ့ပြောင်း၍ အလုပ်လုပ်သော်လည်းကောင်း၊ မြို့ပေါ်၌ကျဘမ်းအလုပ်လုပ်၍ အသက်မွေးဝမ်းကြောင်းပြုမည်ဟုဖြေရှင်းထားပါသည်၊

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်(ရေလဲ–ဇီးတော)အုပ်စု
## ဘုံတာကျေးရွာ၏ကမ်းပါးပြိုခြင်းပြဿနာအစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| အစည်းအဝေးစတင်ချိန် | - | နေ့(၁၂:၀၀)နာရီ |
| အစည်းအဝေးကျင်းပသည့်နေရာ | - | အုပ်ချုပ်ရေးမှူးနေအိမ် |
| အစည်းအဝေးပြီးဆုံးချိန် | - | (၃:၁၅)နာရီ |
| ကျေးရွာအမည် | - | ဘုံတာကျေးရွာ |

ရက်စွဲ၊ ၂၆. ၉. ၂၀၁၄


အစည်းအဝေးစတင်ချိန်တွင် ဦးအေးကြိုင်ဝင်း၊ ဦးနိုင်ဝင်း၊ ဦးဖုန်းဝယ်၊ မချိုရီသင်း၊ မငြိမ်းငြိမ်းအိတို့မှ အစည်းအဝေးခေါ်ရခြင်းမှာ မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဟန့်အတားဖြစ်စေသောအကြောင်းအရာများကိုမေးရာကျေးရွာလူထုမှကမ်းပါးပြိုသောကြောင့် ကျေးရွာဖွံ့ဖြိုးရန်အတွက်နှောင့်နှေးကြောင်းပြောပါသည်။ ဦးအုံ့ပိုမှလည်း ကမ်းပါးပြိုခြင်းပြဿနာမှာ ကျွန်းမြေဖြစ်သောကြောင့်ကမ်းပါးမပြိုအောင်ထိန်းသိမ်း၍မရကြောင်း စိုက်ပျိုးမြေနေရာများတွင် နှစ်စဉ်ပြိုနေကြောင်း၊ စိုက်ပျိုးမြေများလျော့နည်းလာကြောင်းပြောပါသည်။ ကမ်းပါးပြိုခြင်းဖြစ်ရခြင်းမှာကျွန်းမြေဖြစ်သောကြောင့်လည်းကောင်း၊ ဧရာဝတီမြစ်ဘေးတွင်ရှိသောလည်း ရေတိုက်စားခြင်းကြောင့်လည်းကောင်း၊ ရေဝဲထိုးခြင်းကြောင့်လည်းကောင်း၊ မြစ်ရေတင်ချိန်တွင်လေပြင်းများတိုက်ခိုက်ခြင်းကြောင့်လည်းကောင်း၊ ကျေးရွာလူထုမှပြောပါသည် ဦးစောပိုမှကမ်းပါးပြိုခြင်းပြဿနာကို ဘယ်လိုဖြေရှင်းမလဲဟုမေးရာကျေးရွာလူထုမှ မိမိ၏သား/သမီးများ ပညာတက်ဖြစ်အောင် ကျောင်းထားပေးခြင်းအသက်မွေးဝမ်းကြောင်းလုပ်ငန်းများဖြစ်သော ဈေးရောင်းခြင်းလုပ်ငန်းများလုပ်ကိုင်ခြင်းဖြင့် ဖြေရှင်းမည်ဟုပြောပါသည်။ ကမ်းပါးပြိုခြင်းပြဿနာသစ်ပင်ကို ဦးငွေဝင်းမှဦးဆောင်၍ဆွဲပါသည်။ ထို့နောက်အစည်းအဝေးညနေ(၃)နာရီတွင် ရုပ်သိမ်းပါသည်။

CamScanner


မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရေလဲဇီးတောအုပ်စု၊ ဘုံတာကျေးရွာ၏

ပညာရေးပြဿနာ ဖြေရှင်းနည်း နည်းလမ်းပြ လေဘူပေါင်း

ရက်စွဲ၊ . ၉. ၂၀၁၄



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊
ဘုံတာကျေးရွာ၏ ပညာရေးပြဿနာ ဖြေရှင်းပုံ



# မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရေလဲဇီးတောအုပ်စု၊ ဘုံတာကျေးရွာ၏ ပညာရေးပြဿနာ ဖြေရှင်းပုံ အစီရင်ခံစာ

ဘုံတာကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် တည်ရှိပါသည်။ ဘုံတာကျေးရွာ၏ ပညာရေးပြဿနာဖြစ်ရခြင်း၏ အကြောင်းတရားများ ဖြစ်ရခြင်းပြဿနာများမှာ ပညာတတ်နည်းရခြင်း၊ အလုပ်ကြမ်းသမား များပြားလာခြင်း၊ ဝင်ငွေနည်းပါးရခြင်း၊ ၎င်းဖြစ်ရပ်များကြောင့် ပညာရေးပြဿနာများကို ရင်ဆိုင်ရပါသည်။ ဘုံတာကျေးရွာတွင် လက်လုပ်လက်စား သမားများပြားလာပြီး၊ ဆင်းရဲနွမ်းပါးခြင်း၊ အခက်အခဲများ ကြုံတွေ့ရပါသည်။ ထိုသို့ ပညာရေးပြဿနာကို ဝေးလံသော အခြားနယ်များသို့ နေ့ချင်းပြန် သွားရောက်ပညာသင်ရခြင်း၊ မြစ်ရေတတ်ချိန်များတွင် ချောင်းရိုး၊ မြောင်းရိုးများကို ဖြတ်ကျော်၍လည်းကောင်း လှေများဖြင့် သွားရောက်ပညာသင်ယူ၍ ပညာသင်ကြားရခြင်း၏ ဖြစ်ပေါ်မှုများကို ဖြေရှင်းထားပါသည်။

# မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရေလဲဇီးတောအုပ်စု၊ ဘုံတာကျေးရွာ၏ ပညာရေးပြဿနာ အစည်းအဝေးမှတ်တမ်း

| | |
|---|---|
| အစည်းအဝေးပြုလုပ်ချိန် | - နံနက်(၁၂း၃၀)နာရီ |
| အစည်းအဝေးကျင်းပသည့်နေရာ | - ဘုန်းကြီးကျောင်း |
| အစည်းအဝေးပြီးဆုံးသည့်အချိန် | - ညနေ(၃း၀၀)နာရီ |
| ကျေးရွာအမည် | - ဘုံတာကျေးရွာ |
| ရက်စွဲ၊ | -၂၄. ၉. ၂၀၁၄ |

အစည်းအဝေးစတင်ချိန်တွင် ဦးအေးနိုင်ဝင်း၊ ဦးနိုင်ဝင်း၊ ဦးဖုန်းဝယ်တို့မှ အစည်းဝေးခေါ်ရခြင်းမှာ မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ဖို့ရာအတွက် အဟန့်အတားဖြစ်စေသော အကြောင်းအရာများကို မေးရာ ကျေးရွာလူထုမှ ပညာရေးပြဿနာဖြစ်ရကြောင်းမှာ စီးပွားရေးအားနည်းခြင်း၊ လူထုအသိပညာအားနည်းခြင်း၊ ဆရာ/မ မပြည့်စုံခြင်းတို့ကြောင့် ပညာရေးပြဿနာဖြစ်ရကြောင်း လူထုမှ ပြောပါသည်။ ကိုဖုန်းဝယ်မှ ပညာရေးပြဿနာကို ဘယ်လိုဖြေရှင်းမလဲဟုမေးရာ ကျေးရွာလူထုမှ မိမိ၏သား/သမီးများကို ပညာတတ်ဖြစ်အောင် ကျောင်းထားပေးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သော ဈေးရောင်းခြင်းလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် ဖြေရှင်းမည်ဟုပြောပါသည်။ ပညာရေးပြဿနာသစ်ပင်ကို ဦးနိုင်ဝင်းမှ ဦးဆောင်ဆွဲပြီး အစည်းအဝေးကို ညနေ (၃း၀၀)နာရီတွင် ရုတ်သိမ်းပါသည်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်(ရေလဲ-ဇီးတော)အုပ်စုဘုံတာကျေးရွာ၏ ထူးခြားဖြစ်စဉ်ဇယား

| စဉ် | ခုနှစ် | အကြောင်းအရာ | အကျိုးသက်ရောက်မှု | | ကျော်လွှားခဲ့ပုံ |
|---|---|---|---|---|---|
| | | | ကောင်းကျိုး | ဆိုးကျိုး | |
| ၁ | ၁၃၆၈ | မြစ်ရေတိုက်စား၍ ကမ်းပါးပြို | - | ဘုံတာကျေးရွာတစ်ရွာလုံးပထမအကြိမ် ရွှေ့ပြောင်းနေရာအသစ်ပြောင်းရွှေ့ခဲ့ရသည်။ | ကျေးရွာမြေနေရာအသစ်ရှာဖွေခြင်း။ |
| ၂ | ၁၃၆၉ | ဒုတိယအကြိမ်မြစ်ရေ တိုက်စား၍ ကမ်းပါးပြို | | ဘုံတာကျေးရွာတစ်ရွာလုံးဒုတိယအကြိမ် ရွာနေရာအသစ်ပြောင်းရွှေ့ခဲ့ရပါသည်။ | ကျေးရွာမြေနေရာအသစ်ရှာဖွေခြင်း။ |
| ၃ | ၁၃၇၀ | တတိယအကြိမ်မြစ်ရေ တိုက်စား၍ ကမ်းပါးပြို | - | ဘုံတာကျေးရွာတစ်ရွာလုံးတတိယအကြိမ် ရွာနေရာအသစ်ပြောင်းရွှေ့ခဲ့ရပါသည်။ | ကျေးရွာမြေနေရာအသစ်ရှာဖွေခြင်း။ |
| ၄ | ၁၃၇၂ | ကျေးရွာ၏ရွာဦးဘုန်းကြီး ကျောင်းပျက်စီးခြင်း | - | ကျေးရွာ၏ရွာဦးဘုန်းကြီးကျောင်းအတွင်း ရှိစေတီပထိုးအဆောက်အဦများပျက်စီးခြင်း | အခြားကျေးရွာများ၏အကူအညီများယူ၍ ဖြစ်သလို တည်ဆောက်၍သတင်းသုံးခဲ့ရခြင်း |
| ၅ | ၁၃၇၅ | ပုံတောင်-ပုံညာ ရထားလမ်းဖောက် | - | တစ်ရွာလုံးလုပ်အားပေးလိုက်ခဲ့ရပါသည်။ လူမလိုက်နိုင်လျှင်ငွေကြေးများထည့်ဝင်ရပါသည်။ | လူများလုပ်အားပေးလိုက်ခြင်းငွေကြေးထည့်ဝင်ခြင်း။ |

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်(ရေလဲ–ဒိုးတောအုပ်စု)

## ဘုံတာကျေးရွာ၏ ထူးခြားဖြစ်စဉ်ပြဇယား အစီရင်ခံစာ

ရက်စွဲ၊ ၁၉. ၉. ၂၀၁၄

ဘုံတာကျေးရွာသည်မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်အတွင်းတည်ရှိသောကျေးရွာဖြစ်ပါသည်။ ဘုံတာကျေးရွာတွင်အိမ်ခြေ(၁၀၅)ရှိပြီး၊ အိမ်ထောင်စု(၁၃၁)ရှိသည်။ လူဦးရေစုစုပေါင်းမှာ(၄၇၃)ယောက်ရှိပါသည်။ ဘုံတာကျေးရွာသည်ယခင်နေရာဟောင်းမှာဧရာဝတီမြစ်ဘေးမှာရှိပါသည် ယခုအခါတွင် ၁၃၆၈ ခုနှစ်၊ ပထမအကြိမ်ဧရာဝတီမြစ်ရေတိုက်စား၍ ကမ်းပါးပြိုသောကြောင့်ဘုံသာကျေးရွာတစ်ရွာလုံးရွှေ့ပြောင်းခဲ့ရပါသည်။ ၁၃၆၉ ခုနှစ်တွင် ဒုတိယအကြိမ်မြစ်ရေတိုက်စား၍ကမ်းပါးပြိုသောကြောင့်တစ်ရွာလုံး ဒုတိယအကြိမ်ပြောင်းရွှေ့ခဲ့ရပါသည်။ ၁၃၇၀ ခုနှစ်တွင်မြစ်ရေတိုက်စားမှုကြောင့် တတိယရွှေ့ပြောင်းခဲ့ရပါသည်။ ကမ်းပါးပြိုခြင်းများဆက်တိုက်ဖြစ်ပွားခဲ့မှုကြောင့် စိုက်ပျိုးမြေများဆုံးရှုံးခဲ့ရသည်။ ၁၃၇၅ ခုနှစ်တွင် ပုံတောင်ပုံညာရထားလမ်းဖောက်လုပ်ခြင်းကြောင့် ဘုံတာကျေးရွာတစ်ရွာလုံး လုပ်အားပေးလိုက်ခဲ့ရပါသည်။ လူမလိုက်နိုင်လျှင်ငွေကြေးများထည့်ဝင်ရပါသည်။ ရထားလမ်းဖောက်လုပ်ခြင်းအခက်အခဲကိုငွေကြေးများထည့်ဝင်ခြင်း၊ လူများလုပ်အားပေးလိုက်ခြင်းဖြင့် ၎င်းအခက်အခဲများကိုကျော်လွှားခဲ့ပါသည်။ ၁၃၇၀ ခုနှစ်မှာ မြစ်ရေကြီးမှုကြောင့်ဘုန်းတော်ကြီးကျောင်း သိမ်တိုက်တစ်လုံးစာသင်ကျောင်း ကျေးရွာမှလူနေအိမ်များ ရေထဲပြိုကျပြီး ရေစီးအားသန်မှုကြောင့် ပစ္စည်းများဆုံးရှုံး၍ ၎င်းအခက်အခဲများကို ကျေးရွာသူ/ရွာသားများအားလုံးကျော်လွှားခဲ့ရပါသည်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်(ရေလဲ-ဖီးတောအုပ်စု)

ဘုံတာကျေးရွာ၏ ထူးခြားဖြစ်စဉ်ပြအစီရင်ခံစာဇယား အစည်းအဝေးမှတ်တမ်း

ရက်စွဲ၊ ၁၉. ၉. ၂၀၁၄

အစည်းအဝေးစတင်ချိန် - (၁ နာရီ)


အစည်းဝေးကျင်းပသည့်နေရာ - (စာသင်ကျောင်းဝိုင်းအတွင်း)

အစည်းဝေးပြီးဆုံးချိန် - (၄ နာရီ)

ကျေးရွာအမည် - ဘုံတာကျေးရွာ

အစည်းဝေးစတင်ချိန်တွင် ကျေးရွာလက်စွဲစုအုပ်ပြုစုခြင်း၊ သင်တန်းတက်ရောက်ကြသော ကိုအေးကြိုင်ဝင်း၊ ကိုအုန်းဝယ်၊ ကိုနိုင်ဝင်း၊ မချိုရီသင်း၊ မငြိမ်းငြိမ်းအိတို့မှ အစည်းဝေးခေါ်ရခြင်းအကြောင်းရာကို ရှင်းလင်းပြပါသည်။ အစည်းဝေးပြုလုပ်ရခြင်းမှာ နောင်လာနောက်သားများသိရှိစေရန် မိမိကျေးရွာတွင်ဖြစ်ပျက်ခဲ့သော ထူးခြားသည့်အကြောင်းအရာများကို သိရှိရန်အတွက်ထူးခြားဖြစ်စဉ်ပြဇယားကို ရေးဆွဲရန်ဖြစ်ကြောင်းပြောရန် ဦးဌေးဝင်းမှ ၁၃၆၈ ခုနှစ်တွင် ဇရာဝတီမြစ်ရေတိုက်စားခြင်းကြောင့် တစ်ရွာလုံးရွာ၄ရာပထမအကြိမ်ပြောင်းရွှေ့ခဲ့ရခြင်းကိုပြောပါသည်။ ဦးစိုးလှိုင်မှလည်း ၁၃၆၉ ခုနှစ်တွင် ဒုတိယအကြိမ်ပြောင်းရွှေ့ခြင်းကိုလည်း ပြောကြားခဲ့ပါသည်။ ဦးအေးနိုင်ဝင်းမှလည်း ၁၃၇၀ ခုနှစ်တွင်ကမ်းပါးပြိုခြင်းကြောင့်တတိယအကြိမ်ထပ်မံပြောင်းရွှေ့ခဲ့ရပါသည်။

၁၃၅၇ ခုနှစ်တွင် ပုံတောင်-ပုံညာရထားလမ်းဖောက်လုပ်ရာတွင် တစ်ရွာလုံးလုပ်အားပေးလိုက်ခြင်းနှင့် လူမလိုက်နိုင်ငွေကြေးများထည့်ဝင်ရခြင်းကို ရွာသားတစ်ဦးမှပြောပါသည်။ ထို့နောက်အစည်းဝေးတက်ရောက်သူများမှ ယခုလိုထူးခြားဖြစ်စဉ်ပြဇယားရေးဆွဲခြင်းကြောင့် ကျေးရွာတွင်ဖြစ်ပျက်ခဲ့သောအကြောင်းအရာကို နောင်လာနောက်သားများသိရှိရတာပေါ့ဟုပြောပါသည်။ ထို့နောက်အစည်းဝေးကို နေ့လည်(၄း၀၀)နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။


ရေသဘိမြစ်
အညွှန်း
စေတီ
ဘုန်းကြီးကျောင်း
စာသင်ကျောင်း
ဝါးကပ်မိုးအိမ်
ရေတွင်း
အိမ်သာ
သစ်ပင်
တာဘောင်
လမ်း
ငါးကန်ယာမြေ
ဇီးတောကျေးရွာ
ရေလဲကျေးရွာ

# မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရေလဲဇီးတောအုပ်စု၊ ဘုံတာကျေးရွာ၏ အနာဂါတ်မျှော်မှန်းချက် အစီရင်ခံစာ

ဘုံတာကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် တည်ရှိပါသည်။ ဘုံတာကျေးရွာတွင် အိမ်ခြေ(၁၀၅)အိမ်ရှိပြီး အိမ်ထောင်စုဦးရေမှာ (၁၅၄)ဦး ရှိပါသည်။ လူဦးရေမှာ ကျား(၂၁၁)ဦး၊ မ(၂၇၂)ဦး၊ စုစုပေါင်း(၄၈၃)ဦးရှိပါသည်။ ဘုံတာကျေးရွာ၏ မြောက်ဘက်တွင် မြေယာစိုက်ခင်းများ၊ အနောက်ဘက်တွင် ရေလဲကျေးရွာ၊ တောင်ဘက်တွင် ဇီးတောကျေးရွာ၊ အရှေ့ဘက်တွင် မြစ်လက်တက်ရေချောင်း တည်ရှိပါသည်။ ဘုံတာကျေးရွာ၏ အနာဂါတ်မျှော်မှန်းချက်မြေပုံမှာ ကျေးရွာရှိအိမ်များတွင် ကျွန်းအရပ်ဒေသဖြစ်ပါသဖြင့် အိမ်တိုင်ဖိနပ်ခံ၊ ခြေတံရှည်အိမ်၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ အိမ်များဖြစ်ပြီး အမိုးများမှာ သွပ်မိုးများနှင့် ကျေးရွာတစ်ရွာလုံး ဆိုလာမီးလင်းရရှိပြီး ကျေးရွာသူ/သားများ၏ အသိပညာပိုမိုမြင့်မားနိုင်ရန် ရုပ်မြင်သံကြားစက်များ၊ မိမိတို့ကျေးရွာတွင် ကျန်းမာရေးကိစ္စအတွက် ကြုံလာရင် မြို့ပြနှင့် ဝေးလံသောကြောင့် ကျန်းမာရေးဆေးခန်းများနှင့် ဆရာ/မ များရရှိခြင်း၊ ကျေးရွာသူ/သားများအတွက် ဘောလုံးကွင်းများထားရှိခြင်းများကို အနာဂါတ်အတွက် မျှော်မှန်းထားပါသည်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်(ရေလဲ-ဓိးတော)အုပ်စုဘုံတာကျေးရွာ၏ အနာဂါတ်မျှော်မှန်းချက်မြေပုံအစည်းအဝေးမှတ်တမ်း

အစည်းအဝေးစတင်ချိန် - (၁၂း၀၀)နာရီ

အစည်းအဝေးကျင်းပသည့်နေရာ- အုပ်ချုပ်ရေးမှူးနေအိမ်

အစည်းအဝေးပြီးဆုံးချိန် - (၃း၀၀)နာရီ

ကျေးရွာအမည် - ဘုံတာကျေးရွာ

ရက်စွဲ/ ၂၈. ၉. ၂၀၁၄

အစည်းအဝေးစတင်ချိန်တွင် ဦးအေးနိုင်ဝင်း၊ ဦးနိုင်ဝင်းတို့မှအစည်းဝေးခေါ်ရခြင်းအကြောင်းအရင်းများကို မိမိတို့ကျေးရွာတွင် အနာဂါတ်အတွက်မျှော်မှန်းဖြစ်ချင်သောမြေပုံများဆွဲရန်နှင့် မိမိတို့ကျေးရွာ၏လုပ်အပ်ဖြစ်ချင်တဲ့အကြောင်းအရာများကိုမေးကြပါသည်။ ကျေးရွာသူကျေးရွာသားများက လျှပ်စစ်မီးအတွက်ကို ဆိုလာဘတ္တရီအင်ဗာတာ မီးချောင်းများနှင့်တစ်ပိုင်တစ်နိုင်မွေးမြူရေးဆေးပေးခန်းနှင့်ကျန်းမာရေးအတွက် ကျန်းမာရေးဆရာ/ဆရာမထားချင်ကြောင်း မိမိတို့ရဲအိမ်မှာ ယင်လုံအိမ်သာများတစ်အိမ်တစ်လုံးရှိသင့်ကြောင်း ၎င်းနောက်ပညာရေးအတွက် စာသင်ကျောင်းကြီးပြန်လည်ပြုပြင်ဖို့ရန်လိုအပ်ပြီး ရွာလူငယ်များအနေဖြင့် အားကစားကွင်းထားသင့်ကြောင်းများကိုပြောကြပါသည်။ ထို့နောက်အစည်းအဝေးကို ညနေ(၂း၀၀)နာရီရုပ်သိမ်းလိုက်ကြပါသည်။

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရေလဲဖိုးတောအုပ်စု၊ ဘုံတာကျေးရွာ၏ လိုအပ်ချက်အကောင်အထည်ဖော်ပြဇယား အစီရင်ခံစာ

| | |
|---|---|
| အစည်းအဝေးပြုလုပ်ချိန် | - နံနက်(၁၂း၃၀)နာရီ |
| အစည်းအဝေးကျင်းပသည့်နေရာ | - အုပ်ချုပ်ရေးမှူးနေအိမ် |
| အစည်းအဝေးပြီးဆုံးသည့်အချိန် | - ညနေ(၃း၀၀)နာရီ |
| ကျေးရွာအမည် | - ဘုံတာကျေးရွာ |
| ရက်စွဲ၊ | -၂၈. ၉. ၂၀၁၄ |

ဘုံတာကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ် အတွင်းတွင် ပါဝင်တည်ရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ဘုံတာကျေးရွာတွင် အိမ်ခြေ(၁၀၅)အိမ်ရှိပြီး၊ အိမ်ထောင်စုဦးရေမှာ (၁၅၄)ဦး ရှိပါသည်။ လူဦးရေမှာ (၂၀၁)ဦး၊ ရေ၊ မ(၂၇၂)ဦး နေထိုင်ပါသည်။ ဘုံတာကျေးရွာတွင် မီးမရရှိသောကြောင့် ကျောင်းသူ/ကျောင်းသားများနှင့် ကျေးရွာသူ/သားများမှာ မျက်စိအမြင်များကွယ်နေသလို ကြုံတွေ့နေရပါသည်။

စိုက်ပျိုးရေးအတွက်များမှာ မိမိတို့ ခိုင်းနွားများနှင့် အသုံးပြုလုပ်ရ၍ အချိန်မှီမစိုက်ပျိုးနိုင်ပါသဖြင့် သီးနှံထွက်နှုန်းများ နည်းပါးလာရခြင်း၊ ဈေးငွေများအတိုးနှုန်းနည်းစွာဖြင့် ပြည့်စုံစွာ မချေးနိုင်ခြင်း၊ ကျန်းမာရေးအတွက် မိမိတို့မြို့ပြများဝေးလံသော ကျေးရွာများမှာ ကျေးလက်ကျန်းမာရေးဆေးခန်းများ၊ ကျန်းမာရေးဆရာ/မများ ပြည့်စုံအောင် မရရှိသောကြောင့် ကျေးရွာသူ/သားများ အသက်အန္တရာယ်များ မဖြစ်သင့်တဲ့ အသက်ဆုံးရှုံးမှုများဖြစ်ခြင်း၊ ယင်လုံအိမ်သာများ မရှိသောကြောင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဆိုးများနှင့် ခံစားနေရခြင်းများ ဖြစ်ပါသည်။

# ကျေးရွာလုပ်အပ်ချက်အကောင်အထည်ဖော်ပြဇယားရေးဆွဲခြင်း

## အစည်းအဝေးမှတ်တမ်း

အစည်းအဝေးစတင်ချိန် - (၁၂:၀၀)နာရီ

အစည်းအဝေးကျင်းပသည့်နေရာ- အုပ်ချုပ်ရေးမှူးနေအိမ်

ကျေးရွာအမည် - ဘုံတာကျေးရွာ

ရက်စွဲ/ ၂၈. ၉. ၂၀၁၄

အစည်းအဝေးကိုနေ့လည်(၁၂:၀၀)နာရီအချိန်တွင်စတင်ပါသည်။

အစည်းအဝေးစတင်ချိန်တွင် ဦးအေးနိုင်ဝင်းမှ ကျေးရွာ၏လိုအပ်ချက်ပြဿနာများကိုဖော်ထုတ်ပြုလုပ်ရန်နှင့်လိုအပ်ချက်များကို ကျေးရွာသူ/သားများကိုမေးမြန်းပါသည်။ ကျေးရွာသူ/ကျေးရွာသားများက ပညာသင်ကျောင်းသားကျောင်းသူမများ ညအချိန်ပညာသင်ယူစည်းပူးရန်ကို ဆိုလာ၊ ဘတ္တရီ၊ အင်ဗာတာမီးချောင်းများကိုလိုအပ်ကြောင်းပြောပါသည်။ တောင်သူဦးကြီးများမှလည်း စိုက်ပျိုးရေးထွန်စက်နှင့်ရိတ်သိမ်းချိန်ခြွေလှေ့စက်လိုအပ်ကြောင်းပြောကြပါသည်။ အမျိုးသမီးများကလည်း ကျန်းမာရေးအရံသားဖွားဆေးခန်းနှင့်ဆရာ/ဆရာမများလိုအပ်ကြောင်းပြောပါသည်။ အစည်းအဝေးကိုညနေ(၂:၀၀)နာရီအချိန်တွင် ရုပ်သိမ်းကြပါသည်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရေလဲဒိုးတောကျေးရွာအုပ်စု၊ ဘုံတာကျေးရွာ၏

ဦးစားပေးပြဿနာအဆင့် နှိုင်းယှဉ်ခြင်းဇယား

| စဉ် | လိုအပ်ချက် ပြဿနာ | ဆိုလာ မီးလင်းရေး | ရေစုတ်စက် နှင့်ရေကန် | ဆေးပေးခန်းနှင့် အရံသားဖွား | လယ်ယာ ထွန်စက် | ရေလောင်း အိမ်သာ | ရမှတ်ပေါင်း | အဆင့် (ဦးစားပေး) |
|---|---|---|---|---|---|---|---|---|
| ၁ | ဆိုလာ မီးလင်းရေး | | ဆိုလာ မီးလင်းရေး | ဆိုလာ မီးလင်းရေး | ဆိုလာ မီးလင်းရေး | ဆိုလာ မီးလင်းရေး | ၄ | ၁ |
| ၂ | လယ်ထွန်စက်နှင့် ချွေလှေ့စက် | | | လယ်ထွန်စက်နှင့် ချွေလှေ့စက် | လယ်ထွန်စက်နှင့် ချွေလှေ့စက် | လယ်ထွန်စက်နှင့် ချွေလှေ့စက် | ၃ | ၂ |
| ၃ | ဆေးပေးခန်းနှင့် ကျန်းမာရေး အရံသွားဖွား | | | | ဆေးပေးခန်းနှင့် ကျန်းမာရေး အရံသွားဖွား | ဆေးပေးခန်းနှင့် ကျန်းမာရေး အရံသွားဖွား | ၂ | ၃ |
| ၄ | ရေလောင်း အိမ်သာ | | | | | ရေလောင်း အိမ်သာ | ၁ | ၄ |
| ၅ | ရေစုတ်စက်နှင့် ရေကန် | | | | | | ၀ | ၅ |

| စဉ် | ဆောင်ရွက်လိုသည့် လုပ်ငန်းအမည် | ခန့်မှန်း ကုန်ကျစရိတ် (ကျပ်သိန်း) | လုပ်ငန်းဆောင်ရွက်ရန် ရပုံငွေရရှိမှု (ကျပ်သိန်း) | | | | အကျိုးပြု အိမ်ထောင်စု | စီမံကိန်း လွှမ်းခြုံမည့် ဇကေ/ဦးရေ | ဦးစားပေး အဆင့် |
|---|---|---|---|---|---|---|---|---|---|
| | | | ပြည်သူ့ ထည့်ဝင်မှု | နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် | နိုင်ငံခြား အကူအညီ အထောက်အပံ့ | စုစုပေါင်း | | | |
| | ဆိုလာ၊ဘတ္တရီ/အင်ဗာတာ/ မီးချောင်းအစုံ (၁၁၅) | ၁၁၅ သိန်း | ၂ သိန်း | ၁၁၃ သိန်း | | ၁၁၅ သိန်း | ၁၃၁ | ၁ ရွာ | ၁ |
| | လယ်ယာသုံးထွန်စက်နှင့် ခွေးလှေ့စက် | ၁၅၀ သိန်း | ၁၅ သိန်း | ၁၃၅ သိန်း | | ၁၅၀ သိန်း | ၁၃၁ | ၁ ရွာ | ၂ |
| ၃ | ကျန်းမာရေးဆေးပေးခန်း အလျား(၆၀)ပေ အနံ(၄၀)ပေနှင့် ကျန်းမာရေးဆရာ/မ (၁)ယောက် | ၁၀၅ သိန်း | ၅ သိန်း | ၁၀၀ သိန်း | | ၁၀၅ သိန်း | ၁၃၁ | ၁ ရွာ | ၃ |
| ၄ | ရေလောင်းအိမ်သာ | ၁၀၅ သိန်း | လုပ်အား | - | ၁၀၅ သိန်း | ၁၀၅ သိန်း | ၁၃၁ | ၁ ရွာ | ၄ |
| ၅ | ရေစုပ်စက်နှင့် ရေကန် | ၃၀၀ သိန်း | လုပ်အား (၅၀)သိန်း | ၁၂၅ သိန်း | ၁၂၅ သိန်း | ၃၀၀ သိန်း | ၁၃၁ | ၁ ရွာ | ၅ |

စာရင်းပြုစုသူ

လက်မှတ်------------------------

အမည်၊------------------------


# မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရေလဲဇီးတောအုပ်စု၊ ဘုံတာကျေးရွာ၏ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် လိုအပ်ချက်များ အခြေအနေတင်ပြချက် အစီရင်ခံစာ

ဘုံတာကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် တည်ရှိပါသည်။ ဘုံတာကျေးရွာတွင် အိမ်ခြေ(၁၀၅)အိမ်ရှိပြီး အိမ်ထောင်စုဦးရေမှာ (၁၅၄)ဦး ရှိပါသည်။ လူဦးရေမှာ ကျား(၂၁၀)ဦး၊ မ(၂၇၂)ဦး၊ စုစုပေါင်း(၄၈၃)ဦးရှိပါသည်။ ဘုံတာကျေးရွာတွင် လျှပ်စစ်မီးမရရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးမှုနည်းပါးနေပါသည် လျှပ်စစ်မီးရရှိခြင်းကြောင့် သတင်းအချက်အလက်များသိရှိနိုင်ခြင်း၊ မုန်းတိုင်းအန္တရာယ်မှ ကာကွယ်နိုင်ခြင်း၊ သီးနှံစိုက်ပျိုးရန် လွယ်ကူခြင်း၊ ဘုံတာကျေးရွာတွင် ဆေးပေးခန်းရှိခြင်းကြောင့် ကျန်းမာရေးအတွက် အရေးပေါ်လူနာများ အချိန်မှီကုသနိုင်ခြင်းတို့ကြောင့် ကျန်းမာရေးကောင်းမွန်လာပြီး ပညာရေးနှင့် စီးပွားရေးများတိုးတက်လာနိုင်ပါသည်။

ရေစုပ်စက်နှင့် ရေလောင်ကန်များ ရရှိခြင်းကြောင့် ရေကို လွယ်ကူစွာ သုံးစွဲနိုင်ခြင်း မီးဘေးအန္တရာယ်ကြုံတွေ့ပါက လွယ်ကူစွာ ငြိမ်းသတ်နိုင်ခြင်း၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးလုပ်ကိုင်နိုင်ခြင်းတို့ကြောင့် အချိန်ကုန်သက်သာပြီး ဝင်ငွေများ တိုးတက်လာနိုင်ပါသည်။ မူလွန်ကျောင်းဖွင့်လှစ်နိုင်ခြင်းကြောင့် အချိန်ကုန်သက်သာပြီး စာကျက်ချိန် ပိုမိုရရှိလာခြင်း ပညာရေးများ ပိုမိုမြင့်မားတိုးတက်လာခြင်းတို့ကြောင့် ပညာတတ်များပြားလာပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်ပါသည်။

# မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရေလဲခီးတောအုပ်စု တုံတာကျေးရွာ၏ အမျိုးသား၊ အမျိုးသမီး နှိုင်းယှဉ်မှု ပင့်ကူအိမ်ဇယား

ရက်စွဲ ၂၀. ၈. ၂၀၁၄




အမျိုးသား

အမျိုးသမီး

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်(ရေလဲဒိုးတောအုပ်စု)
## ဘုံတာကျေးရွာ၏ အမျိုးသမီးသုံးသပ်ချက်အစီရင်ခံစာ

ရက်စွဲ၊ . ၉. ၂၀၁၄

ဘုံတာကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင်တည်ရှိပါသည်။ ဘုံတာကျေးရွာ၏ အမျိုးသမီးသုံးသပ်ချက်ပြမြေပုံကိုရေးဆွဲရာတွင် အစည်းအဝေးတက်ရောက်လာသူများမှ(၁)ပူးပေါင်းဆောင်ရွက်မှုအခြေအနေတွင် အမျိုးသားများသည်(၈၀%)အဆင့်တွင်ရှိရခြင်းမှာ အမျိုးသားများအနေဖြင့် ရပ်ရေးရွာရေးကိစ္စများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုနည်းသောကြောင့်ဖြစ်သည်။ (၂)အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများသည် (၈၀%)ရရှိခြင်းမှာ အလုပ်အကိုင်အခွင့်အလမ်းအခြေအနေတွင် အမျိုးသားများအနေဖြင့် အလုပ်အကိုင်ရရှိမှုများသောကြောင့်ဖြစ်ပြီး အမျိုးသမီးများအနေဖြင့်(၄၀%)ရရှိခြင်းမှာ အမျိုးသမီးများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းနည်းသောကြောင့်ဖြစ်သည်။ (၃)ခေါင်းဆောင်မှုအခြေအနေတွင်အမျိုးသားများအနေဖြင့် (၁၀၀%)ရရှိခြင်းမှာ ရပ်ရေး/ရွာရေးကိစ္စများတွင်လည်းကောင်း၊ အခြားကိစ္စများတွင်လည်းကောင်းဦးဆောင်မှုအခြေအနေများသောကြောင့်ဖြစ်ပြီး အမျိုးသမီးများအနေဖြင့်(၆၀%)ရရှိခြင်းမှာ ရပ်ရေးရွာရေးကိစ္စများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှု၌ အမျိုးသားများထက်နည်းသောကြောင့်ဖြစ်သည်။ (၄)ဝင်ငွေရရှိမှုအခြေအနေတွင် အမျိုးသားများသည်(၈၀%)ရရှိခြင်းမှာ အမျိုးသားများသည် အမျိုးသမီးများထက်အလုပ်လုပ်ရာတွင် ဝင်ငွေရရှိမှုများသောကြောင့်ဖြစ်သည်။ အမျိုးသမီးများအနေဖြင့်(၆၀%)ရရှိခြင်းမှာ အလုပ်လုပ်ရာတွင် အမျိုးသားများထက်ဝင်ငွေရရှိမှုနည်းသောကြောင့်ဖြစ်သည်။ (၅)အိမ်မှုကိစ္စလုပ်ငန်းများအပေါ် ဆောင်ရွက်နိုင်မှုအခြေအနေတွင် အမျိုးသားများသည်ဝင်ငွေရလုပ်ငန်းများတွင် လုပ်ကိုင်ရသောကြောင့်(၆၀%)ရရှိပြီး အမျိုးသမီးများအနေဖြင့်(၁၀၀%)ရရှိခြင်းမှာ အိမ်မှုကိစ္စလုပ်ငန်းများတွင် အမျိုးသားများထက်ပိုမိုလုပ်ကိုင်ရသောကြောင့်ဖြစ်သည်။ (၆)ပစ္စည်းဥစ္စာပိုင်ဆိုင်မှုအခြေအနေတွင် အမျိုးသားနှင့်အမျိုးသမီးပစ္စည်းဥစ္စာပိုင်ဆိုင်မှုမတူညီသောကြောင့်(၈၀%)ရရှိခြင်းဖြစ်သည်။ (၇)လုံခြုံမှုအခြေအနေတွင် အမျိုးသားများသည်အမျိုးသမီးများထက်သွားရေးလာရေးကိစ္စများတွင် လုံခြုံမှုပို၍များသောကြောင့်(၈၀%)ရရှိပြီး အမျိုးသမီးများအနေဖြင့်(၆၀%)ရရှိခြင်းမှာ လုံခြုံမှုအခြေအနေတွင် အမျိုးသားများထက်နည်းသောကြောင့်ဖြစ်သည်။ (၈)ပညာတတ်မြောက်မှုအခြေအနေတွင် အမျိုးသားများအနေဖြင့်(၆၀%)ရရှိခြင်းမှာ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများတွင် ဦးဆောင်လုပ်ကိုင်နေရသောကြောင့်ဖြစ်ပြီး အမျိုးသမီးများအနေဖြင့်(၈၀%)ရရှိခြင်းမှာ မိဘများအနေဖြင့် မိန်းကလေးများကိုအမျိုးသားများထက်ပို၍ ကျောင်းထားပေးသောကြောင့်ဖြစ်သည်။

CS CamScanner

(၉)ရပ်ရေးရွာရေးအပေါ် ဆုံးဖြတ်ချက်ချနိုင်မှုအခြေအနေတွင် အမျိုးသားများသည်(၁၀၀%)ရရှိခြင်းမှာ အမျိုးသမီးများထက် ရပ်ရွာကိစ္စလုပ်ငန်းများအပေါ် ဆုံးဖြတ်ချက်ချရာတွင်များသောကြောင့်ဖြစ်ပြီး အမျိုးသမီးများအနေဖြင့်(၄၀%)ရရှိခြင်းမှာ အိမ်မှုကိစ္စများတွင်လည်းကောင်း၊ ရပ်ရေးရွာရေးကိစ္စများတွင်ဆုံးဖြတ်ချက်ချနိုင်မှုမှာ အမျိုးသားများထက်နည်းသောကြောင့်ဖြစ်သည်။ (၁၀)အရင်းအမြစ်များအပေါ် လက်လှမ်းမှီသုံးစွဲနိုင်မှုအခြေအနေတွင် အမျိုးသားများသည်(၈၀%)ရရှိခြင်းမှာ အခြေအနေတွင် အမျိုးသမီးများထက်အရင်းအမြစ်များအပေါ် သုံးစွဲနိုင်မှုများသောကြောင့်ဖြစ်ပြီး အမျိုးသမီးများအနေဖြင့်(၆၀%)ရရှိခြင်းမှာ အရင်းအမြစ်အပေါ် လက်လှမ်းမှီသုံးစွဲရာမှာ အမျိုးသားများထက်နည်းသောကြောင့်ဖြစ်သည်။

CamScanner

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်(ရေလဲ-ဇီးတော)အုပ်စု ဘုံတာကျေးရွာ၏အမျိုးသမီးသုံးသပ်ချက်မြေပုံ အစည်းဝေးမှတ်တမ်း

| | | |
|---|---|---|
| အစည်းအဝေးစတင်ချိန် | - | (၁း၀၀)နာရီ |
| အစည်းအဝေးကျင်းပသောနေရာ | - | ဘုန်းကြီးကျောင်းဝိုင်းအတွင်း |
| အစည်းအဝေးပြီးဆုံးချိန် | - | (၃း၀၀)နာရီ |
| ကျေးရွာအမည် | - | ဘုံတာကျေးရွာ |
| ရက်စွဲ | - | ၂၁. ၉. ၂၀၁၄ |

အစည်းအဝေးစတင်ချိန်တွင် ကျေးရွာလက်စွဲစာအုပ်ပြုစုခြင်း၊ သင်တန်းတက်ရောက်ကြသော ဦးအေးကြိုင်ဝင်း၊ ဦးဖုန်းဝယ်၊ ဦးနိုင်ဝင်း၊ မချိုရီသင်း၊ မငြိမ်းငြိမ်းအိတို့မှ အစည်းအဝေးခေါ်ရခြင်းမှာ မိမိတို့ကျေးရွာ၏အမျိုးသားနှင့်အမျိုးသမီးသုံးသပ်ချက် မြေပုံကိုရေးဆွဲရန် အစည်းအဝေးခေါ်ရခြင်းဖြစ်ကြောင်း ပြောပါသည်။ ထို့နောက်ဦးအေးကြိုင်ဝင်းမှဦးဆောင်၍ အမျိုးသမီးသုံးသပ်ချက်မြေပုံကိုရေးဆွဲရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေတွင် အမျိုးသမီးများကအမျိုးသားများထက်များကြောင်း အလုပ်အကိုင်အခွင့်အလမ်းအခြေအနေမေးရာတွင် အမျိုးသားများသည်အမျိုးသမီးများထက်အလုပ်အကိုင်အခွင့်အလမ်းပို၍များကြောင်း ဒေါ်ဝင်းဆွေမှပြောပါသည်။ ခေါင်းဆောင်မှုအခြေအနေတွင် ဦးခင်အောင်မှအမျိုးသားများသည် အရာရာတွင်ဦးဆောင်မှုအမျိုးသမီးများထက်များကြောင်း ဝင်ငွေရရှိနိုင်မှုအခြေအနေတွင် အမျိုးသားများ(၈၀%)ရရှိပြီး အမျိုးသမီးများ(၆၀%)ရရှိခြင်းမှာ အလုပ်လုပ်ရသောအချိန် အမျိုးသားနှင့်အမျိုးသမီးတူညီသော်လည်း ဝင်ငွေရရှိမှုမှာ အမျိုးသားများကပို၍ဝင်ငွေရရှိကြောင်း ဒေါ်ဝင်းစိန်မှပြောပါသည်။ အိမ်မှုကိစ္စလုပ်ငန်းများအပေါ်ဆောင်ရွက်နိုင်မှုအခြေအနေမေးရာတွင် ဒေါ်တိုးမှအမျိုးသမီးများသည် အမျိုးသားများထက်အိမ်မှုကိစ္စများတွင်ပို၍ဆောင်ရွက်ရသောကြောင့်(၁၀၀%)ထားသင့်ကြောင်း၊ အမျိုးသားများသည်အမျိုးသမီးများထက်အိမ်မှုကိစ္စများတွင်နည်းသောကြောင့်(၆၀%)ထားသင့်ကြောင်း ပြောပါသည်။ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုအခြေအနေမေးရာတွင် တက်ရောက်လာကြသူများမှ အိမ်ထောင်စုတစ်စုတွင် အမျိုးသားနှင့်အမျိုးသမီးပစ္စည်းဥစ္စာပိုင်ဆိုင်မှုတူညီသောကြောင့်(၈၀%)အထိရှိကြောင်း လုံခြုံမှုအခြေအနေတွင် အမျိုးသားများသည်(၁၀၀%)ရှိပြီး အမျိုးသမီးများသည်(၆၀%)ရှိကြောင်း ဦးအံ့ကြိုင်မှပြောပါသည်။ ပညာတက်မြောက်မှုအခြေအနေတွင် အမျိုးသားများသည် ဝင်ငွေရလုပ်ငန်းများတွင် အမျိုးသမီးများထက်ပို၍လုပ်ကိုင်ရသောကြောင့်(၆၀%)ရရှိပြီး အမျိုးသမီးများ(၈၀%)ရရှိခြင်းမှာ မိဘများကအမျိုးသမီးများကို အမျိုးသားများထက်ပို၍ ကျောင်းထားပေးသောကြောင့်ဖြစ်သည်။ ရပ်ရေးရွာရေးအပေါ်ဆုံးဖြတ်ချက်ချနိုင်မှုအပေါ်တွင် ဦးပေါ်ညွန့်မှရပ်ရေးရွာရေးကိစ္စများတွင် အမျိုးသားများကဆုံးဖြတ်ချက်ချနိုင်မှုများသောကြောင့်(၁၀၀%)ထားသင့်ကြောင်း အမျိုးသမီးများသည် ရပ်ရွာအပေါ်

CamScanner

ဆုံးဖြတ်ချက်ချမှုနည်းသောကြောင့်(၄၀%)သာထားသင့်ကြောင်းပြောပါသည်၊ အရင်းအမြစ်များအပေါ် လက်လှမ်းမီသုံးစွဲနိုင်မှုအခြေအနေတွင် တက်ရောက်လာကြသူများမှ အမျိုးသားသည်အမျိုးသမီးများထက် အရင်းအမြစ်များအပေါ် သုံးစွဲမှုပို၍များသောကြောင့်(၈၀%)ထားသင့်ကြောင်း အမျိုးသမီးများသည်အရင်းအမြစ်များအပေါ် သုံးစွဲနိုင်မှုနည်းသောကြောင့်(၆၀%)ထားသင့်ကြောင်းပြောပါသည်၊ ဤသို့အမျိုးသားနှင့် အမျိုးသမီးများကွာခြားမှုအခြေအနေကို အမျိုးသားနှင့်အမျိုးသမီးပူးပေါင်းဆောင်ရွက်မှုသာလျှင် တူညီမှုဖြစ်ကြောင်းအစည်းအဝေးတက်ရောက်လာကြသူများကပြောပါသည်၊ အစည်းအဝေးကို(၃း၀၀)နာရီအချိန်တွင် ရုပ်သိမ်းပါသည်။